ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ငြိုးတတ်သူတို့အလယ်တွင် ရန်မငြိုးဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 3 June 2021 ၁၀၃၉၃

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## မော်လမြိုင်မြို့ရှိ မြစေတီစာသင်တိုက် ဆရာတော်ကြီးနှင့် ကျိုက်သလ္လံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို
## မွန်ပြည်နယ် အားကစားဥယျာဉ်တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာဗညားအောင်မိုး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မောင်ငံရပ်ရှိ မြစေတီပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဓမ္မာစရိယ ဝိနယပါဠိပါရဂူ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများနှင့် ကျန်းမာရေးဆိုင်ရာများကို မေးမြန်းလျှောက်ထားပြီး ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးများက စုပေါင်းလှူဒါန်းသည့် ဆန်အိတ် ၂၀၀၊ ဆီ ပိဿာ ၃၀၀၊ ပဲ ပိဿာ ၃၀၀ နှင့် နဝကမ္မအလှူတော်ငွေများ၊ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်ပြီး သာသနာရေးဆိုင်ရာဩဝါဒစကားများ မိန့်ကြားတော်မူသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆





**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ် အားကစားဥယျာဉ်တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ကြေးမုံ ယနေ့ဖတ်စရာ

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အား နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ** စာမျက်နှာ » ၄

**ဘာသာ သာသနာကို အရောင်မဆိုးကြလေနှင့် . . .** စာမျက်နှာ » ၆

**ကုမ္ပဏီအခွန်ထမ်းများ၏ အခွန်ပေးသွင်းရာတွင် ငွေသား/ချက်လက်မှတ်ဖြင့် ပေးသွင်းနေမှုအစား အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် ပြောင်းလဲကျင့်သုံးသွားမည့် အစီအစဉ်ကို အသိပေးကြေညာ** စာမျက်နှာ » ၇

## ကြေးမုံ

# အမျိုးသားနိုင်ငံရေးကိုရှေးရှု တိုင်းပြည်ကိုကာကွယ်

တပ်မတော်သည် ရှေးအစဉ်အဆက် ယနေ့ထက်တိုင် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ရှေးမြန်မာမင်းကောင်းမင်းမြတ်များက ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ကို ရှေးမြန်မာတပ်မတော်၏စွမ်းပကားဖြင့် အခိုင်အမာတည်ဆောက်ထူထောင်နိုင်ခဲ့သည်။ စတုတ္ထမြန်မာနိုင်ငံတော်ကိုလည်း တပ်မတော်နှင့်အတူလက်တွဲ၍ လွတ်လပ်သောမြန်မာနိုင်ငံဖြစ်အောင် အသက်၊ သွေး၊ ချွေးတို့ပေးဆပ်၍ ပြန်လည်ထူထောင်ခဲ့သည်။

လွတ်လပ်ရေးရပြီးသောအခါတွင်လည်း တိုင်းပြည်ကြီးမပြိုကွဲအောင် ပထမအကြိမ် ကာကွယ်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၈၈ ခုနှစ်တွင် တတိယအကြိမ်နှင့် ယခု ၂၀၂၁ ခုနှစ်တွင် စတုတ္ထအကြိမ် ကာကွယ်စောင့်ရှောက်ပေးရပြန်သည်။ ထိုလေးကြိမ်စလုံးတွင် တပ်မတော်သည် နိုင်ငံတော်အာဏာရယူလို၍ တိုင်းပြည်တာဝန်ယူကာ ကာကွယ်စောင့်ရှောက်ခဲ့ခြင်းမဟုတ်ပေ။ လွတ်လပ်ရေးရပြီးသည်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဖြင့် နိုင်ငံကိုဖန်တီးခဲ့သည်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်အရ ပြည်သူများသဘောဆန္ဒနှင့်အညီ လွှတ်တော်အရပ်ရပ်ဖြင့် ဥပဒေပြုကာ တိုင်းပြည်အရေးကို စီမံဖန်တီးခဲ့ကြသည်။

တိုင်းပြည်ကို နိုင်ငံရေးနယ်ပယ်က စတင်တာဝန်ယူခဲ့ခြင်းဖြစ်ပြီး တပ်မတော်က စတင်တာဝန်ယူခြင်း မဟုတ်ပေ။ နိုင်ငံရေးသမားအချင်းချင်း အာဏာလုမှု၊ မရိုးသားမှု၊ အုပ်ချုပ်စီမံရေးညံ့ဖျင်းမှုတို့ကြောင့် တိုင်းပြည်ပြိုလဲပျက်စီးခြင်းသို့ မရောက်စေလိုသည့်အတွက် တပ်မတော်သည် နိုင်ငံ့တာဝန်ယူခဲ့ခြင်းသာဖြစ်သည်။ ယနေ့ကာလတွင် နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့်အခြေအနေအရ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖြစ်စေရေး၊ ခိုင်မာသည့် ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် နိုင်ငံတော်၏တာဝန်ကို တပ်မတော်ကခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်၍ ရွေးကောက်ပွဲတွင် ဥပဒေနှင့်မညီညွတ်မှု၊ မဲမသမာမှုများကို မည်သည့်တိုင်းပြည်မှ လက်ခံမည်မဟုတ်ပေ။

ယခုအခါ ရွေးကောက်ပွဲ မဲမသမာမှုများကို စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင် တိုင်းပြည်ပျက်စီးအောင်ဆောင်ရွက်လျက်ရှိသော နိုင်ငံရေးအမြတ်ထုတ်မှုများ၊ ဆူပူအကြမ်းဖက်မှုများကို ကာကွယ်ထိန်းသိမ်းဖြေရှင်းလျက်ရှိသည်။ အမှန်တကယ်တွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုကြောင့် တိုင်းပြည်တာဝန်ကို ခေတ္တလွှဲပြောင်းတာဝန်ယူခဲ့သည်ဆိုသော်လည်း လက်တွေ့တွင် ပြီးခဲ့သည်ငါးနှစ်တာကာလအတွင်း မြန်မာတို့၏ အမျိုးသားရေးကိုယ်ခံစွမ်းအားများ ယိမ်းယိုင်ပြိုပျက်ခဲ့ရာ အနာဂတ်တိုင်းပြည်အတွက် ရင်လေးဖွယ်ရာအချက်များကို တွေ့ရှိလာခဲ့သည်။ အကယ်၍သာ တပ်မတော်သည် ယခုအချိန်ကာလတွင် တိုင်းပြည်အရေးကို အမုန်းခံမဆောင်ရွက်ခဲ့ပါက နောင်ကာလတွင် ယဉ်ကျေးမှုအစဉ်အလာကြီးမားသော၊ သမိုင်းကြောင်းအစဉ်အလာ မြင့်မားသော မြန်မာနိုင်ငံသည် ပုံပျက်ပန်းပျက် ဖြစ်သွားမည်မှာ သေချာသည်။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန် ဖြစ်သည်ဆိုသော်လည်း တိုင်းပြည်၏အရေး၊ ပြည်သူလူထု၏အရေးကို ဆောင်ရွက်ကြရမည့် နိုင်ငံရေးသမားများ၏ တာဝန်မကျေပွန်မှု၊ သစ္စာမရှိမှု၊ မရိုးသားမှုများကြောင့် တိုင်းပြည်ပြိုကွဲပျက်စီးမည့်အရေးကို ကာကွယ်ပေးနိုင်ရန်အတွက် စတုတ္ထအကြိမ်မြောက် မလွှဲမရှောင်သာဘဲ အမုန်းခံတာဝန်ယူခဲ့ရခြင်းဖြစ်သည်။ တပ်မတော်သည် ခေတ်အဆက်ဆက် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် သမိုင်းပေးလိုအပ်ချက်အရ ဆက်လက်ပါဝင်ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံ့အရေးကို ဒီမိုကရေစီနိုင်ငံရေးစနစ်အရ ဆောင်ရွက်ရာတွင် တိုင်းပြည်၏အနာဂတ်ကို ရှေးရှုခြင်းမရှိဘဲ မရိုးမသားဆောင်ရွက်ပါက တပ်မတော်က တိုင်းပြည်ကို ထိန်းသိမ်းကာကွယ်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံရေးသမားများ၏ ရိုးသားမှုမရှိသော ဆောင်ရွက်ချက်များကို ယနေ့မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သည်။ တပ်မတော်သည် ဥပဒေကိုလေးစားသော၊ ရိုးသားဖြောင့်မတ်သော နိုင်ငံရေးသမားများကို ပါတီစုံဒီမိုကရေစီစနစ်နှင့် အညီ အသင့်မျှော်လင့်လျက် အစဉ်အလာမပျက် လမ်းခင်းပေးလျက်ရှိသည်။ မိမိအာဏာမရလျှင် အလုံးစုံပျက်စီးရေးလမ်းကြောင်းကို ဖန်တီးမည်ဟု ကြံစည်အားထုတ်ခဲ့သော မသမာသူ၊ မရိုးသားသူ နိုင်ငံရေးသမားများ၊ အဖျက်သမားများအား အစဉ်အလာကြီးမားသောတပ်မတော်က တိုင်းပြည်နှင့်လူမျိုးအကျိုးစီးပွားကို ရှေးရှု၍ အမျိုးသားနိုင်ငံရေးကဏ္ဍနှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းရေးကို မဖြစ်မနေအောင်မြင်အောင် ဆောင်ရွက်သွားမည်ဟု ယုံကြည်ပါကြောင်း။ ။




## ပင်လယ်ပြင်ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်

**ကျောက်ဖြူ ဇွန် ၂**

ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသော ရေလုပ်သားများ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ကြရန်၊ ဥပဒေ၊ စည်းမျဉ်းများကို သိရှိလိုက်နာနိုင်ကြရန်နှင့် တာဝန်သိစိတ်ဖြင့် ငါးဖမ်းဆီးတတ်ကြစေရန် ရည်ရွယ်လျက် ၎င်းတို့အတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းကို Closed Season အတွင်း ဖွင့်လှစ်ရန် ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)၏ ညွှန်ကြားချက်အရ ကျောက်ဖြူခရိုင်တွင် အဆိုပါသင်တန်းကို မေ ၃၁ ရက်က ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြသည်။



ကျောက်ဖြူခရိုင်၌ အဆိုပါသင်တန်းအား ဇွန်နှင့်ဇူလိုင်လများတွင် ဆက်လက်ကျင်းပသွားရန် စီစဉ်ထားရှိသည်။

**ကျော်ဆင့်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂-၆-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၁,၂၃၃ | ၁၁,၀၉၇,၀၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၇,၀၆၉ | ၂၄,၆၃၈,၂၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၂၀ | ၁၅၆,၀၀၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၂,၉၅၀ | ၂,၉၅၀ | ၁ | ၂,၉၅၀ |
| AMATA | ၀ | ၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၂**

ရန်ကုန်(ရွှေဈေး) ၁၅၈၀၀၀၀ မန္တလေး(ရွှေဈေး) ၁၅၇၅၀၀၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၈၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၂၇.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၄၇.၃၅ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၇၂၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၈၂.၈၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၆၀၃ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၂၂.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၉၃.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၃၉.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁.၉၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင် |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း | | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြစေတီပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဓမ္မာစရိယ ဝိနယပါဠိပါရဂူ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးတို့ ကျိုက်သလ္လံစေတီတော်မြတ်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေနတ်တောင်တပ်နယ်ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်ရန် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**☆ ရှေ့ဖုံးမှ**

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် မေ ၃၁ ရက် ညပိုင်းတွင်လည်း မွန်ပြည်နယ် မော်လမြိုင်မြို့ ကျက်သရေဆောင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

**လိုက်လံကြည့်ရှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်၍ စေတီတော်ရင်ပြင်ပေါ်တွင် နေပူခံကျောက်ပြားခင်းကျင်းထားသည့် အခြေအနေများ၊ ရှေးဟောင်းသမိုင်းဝင် သာသနာ့လက်ရာများကို ထိန်းသိမ်းထားရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုကြရာ ဂေါပကဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မင်းရွာကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် မွန်ပြည်နယ် အားကစားဥယျာဉ် တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးမှာကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အားကစားဥယျာဉ်သို့လာရောက်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် လမ်းတိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေး ပြည့်မီစွာဖြင့် တည်ဆောက်သွားရန်၊ ရေကူးကန်အား အများပြည်သူလွယ်ကူစွာ လာရောက်နိုင်သည့်နေရာတွင် တည်ဆောက်နိုင်ရေးအတွက် မြို့တွင်း၌ မြေနေရာရှာဖွေဆောင်ရွက်သွားရန်၊ အားကစားပြိုင်ပွဲလာရောက်သူများ အဆင်ပြေစေရေးအတွက် ယာဉ်ရပ်နားသည့်နေရာများ ထည့်သွင်းတည်ဆောက်ရန်နှင့် အခြားလိုအပ်သည်များကို ပြန်လည်ဆွေးနွေးမှာကြားသည်။

**အကျိုးရှိရှိအသုံးပြု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေနတ်တောင်တပ်နယ် ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်ရန် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေး အလေးထား လုပ်ဆောင်သွားရန်နှင့် အနာဂတ်တွင် ကျင်းပပြုလုပ်လာနိုင်သည့် အားကစားပွဲ၊ ချစ်ကြည်ရေးပွဲများကို ရည်မှန်း၍ မြေနေရာအသုံးချမှုများအား စနစ်တကျ တွက်ချက်ကာ အကျိုးရှိရှိအသုံးပြုသွားရန် လိုအပ်သည့် အခြေအနေများကို ပြန်လည်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**အဆင့်မြှင့်တင်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေး အလေးထားလုပ်ဆောင်သွားရန်နှင့် အနာဂတ်တွင် ကျင်းပ ပြုလုပ်လာနိုင်သည့် အားကစားပွဲ၊ ချစ်ကြည်ရေးပွဲများကို ရည်မှန်း၍ မြေနေရာ အသုံးချမှုများအား စနစ်တကျ တွက်ချက်ကာ အကျိုးရှိရှိ အသုံးပြု**

# အများပြည်သူ ပို့ဆောင်ရေးစနစ်ကို အားပေးဆောင်ရွက်

လိုင်စင်မဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့်ပတ်သက်၍လည်း စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ တရားမဝင်တင်သွင်း၍ ဖြန့်ချီရောင်းချနေမှုများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့်လည်း ကြပ်မတ်ထိန်းချုပ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အများပြည်သူ ပို့ဆောင်ရေး စနစ်ကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့ပတ်ရထား၊ လျှပ်စစ်ရထားနှင့် လျှပ်စစ်ဘတ်(စ်)ကားများ ပြေးဆွဲနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အား နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**အမိန့်အမှတ် ၁၂၄ /၂၀၂၁**

**၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်**
**(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂ ရက်)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တွင် ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာသဖြင့် အဆိုပါမြို့နယ်တွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်အတွင်း နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

၃။ အဆိုပါမြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်–

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ၊)

(ခ) မဖြစ်မနေဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(ဂ) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊

(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ)နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံ အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံ အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက် ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၃-၆-၂၀၂၁ ရက်၊ ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

# ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးမှုတိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးမှုတိုးမြှင့်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မေ ၃၀ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ထို့ပြင် ငါးသယံဇာတများ စဉ်ဆက်မပြတ်ရေရှည် ထိန်းသိမ်းနိုင်ရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် ဝင်ငွေရရှိစေရန်၊ ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေရန်အတွက် ငါးမြစ်ချင်း၊ ငါးခုံးမကြီးနှင့် ရွှေဝါငါးကြင်း ငါးကောင်ရေ နှစ်သိန်း စိုက်ထည့်ပွဲအခမ်းအနားကို မေ ၃၀ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် မြို့ဦးကင်းတံတား၌ ပြုလုပ်သည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ပဲခူးမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။



**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ သမဝါယမဦးစီးဌာနအောက်ရှိ ရွှေမြန်မာလက်မှုထည်ပစ္စည်းရောင်းဝယ်ရေးနှင့် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းလီမိတက်နှင့် CO.OP အားကစားလေ့ကျင့်ရေးခန်းမများကို လည်းကောင်း၊ ပဲခူးငါးလုပ်ငန်းစခန်း၏ ငါးသားဖောက်လုပ်ငန်း၊ မျိုးငါးပြုစုခြင်း၊ ဆေးထိုးသားဖောက်ခြင်း၊ ငါးမှုန်ပြုစုခြင်း၊ ငါးမျိုးပြုစုခြင်း(ငါးသန်)၊ ငါးမျိုးစိုက်ထည့်ခြင်း၊ ငါးမျိုးရောင်းချခြင်းလုပ်ငန်းများကို လည်းကောင်း၊ မြစိမ်းရောင်ကျေးရွာ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး အားပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချဌာနခွဲ ဓာတ်ခွဲခန်းများနှင့် မျိုးစေ့ဌာနရှိ ဓာတ်ခွဲခန်းကိုလည်းကောင်း၊ ကဝမြို့နယ်၊ ဇွဲဘာကျေးရွာရှိ ပုဂ္ဂလိက ဥစားဘဲမွေးမြူရေး လုပ်ငန်းနှင့် မျိုးဘဲသားဖောက်လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးသည်။

ထို့နောက် ညောင်လေးပင်မြို့နယ် ပွင့်တန်ဆာ စိုက်ပျိုးပညာပေးစခန်းနယ်မြေအတွင်းရှိ မျိုးစေ့ထုတ်တောင်သူများနှင့် တွေ့ဆုံပြီး တောင်သူမိသားစုများ အိမ်ခြံဝင်း ဟင်းသီးဟင်းရွက်စိုက်ခင်းများ ထူထောင်စိုက်ပျိုးနိုင်ရေးအတွက် ဟင်းသီးဟင်းရွက် မျိုးစေ့များကို ထောက်ပံ့ပေးအပ်ရာ တောင်သူကိုယ်စားလှယ်တစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ် ထုတ်ဝေ

**နေပြည်တော် ဇွန် ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။

အဆိုပါမိန့်ခွန်းစာအုပ်တွင် ၂၀၂၁ ခုနှစ် ဧပြီလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် နှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားနှင့် မိန့်ခွန်းများ စုစုပေါင်း (၁၄) ပုဒ်ကို စုစည်းဖော်ပြပေးထားသည်။

ဧပြီလ ၄ ရက်နေ့တွင် ကျင်းပခဲ့သည့် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံပွဲတွင် "တိုင်းပြည်တစ်ခု တိုးတက်ရန်အတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်အတွက် ပါတီစုံဒီမိုကရေစီစနစ် မှန်ကန်ပါက အေးချမ်းမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီတွင် ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူက ရွေးချယ်ခြင်းဖြစ်သဖြင့် မှန်မှန်ကန်ကန်ဖြင့် လုပ်ဆောင်ပါက ကောင်းမွန်မည်ဖြစ်ပြီး မှန်ကန်မှုမရှိပါက အတိုက်အခံများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမျှတပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံတိုးတက်စေရေးအတွက် ဦးတည်ချက် (၉) ရပ်ချမှတ်ကာ လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်၏ အဓိက လုပ်ငန်းတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး စွမ်းရည်စွမ်းအားနှင့် ပြည့်စုံသည့် တပ်မတော်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း" ပြောကြားသည့် အမှာစကား၊ ယင်းနေ့တွင်ကျင်းပခဲ့သည့် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံပွဲတွင် "၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲပြုလုပ်ရာတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသဖြင့် တပ်မတော်က နည်းလမ်းတကျ ဖြေရှင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ် တိုက်တွန်းခဲ့ကြောင်း၊ မဲစာရင်းလိမ်လည်မှုသည် ဆိုးရွားသည့်လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မဲနိုင်မည်ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့် စာမေးပွဲကို မတန်တဆအမှတ်လိုချင်သဖြင့် မသမာသည့်နည်းဖြင့် လုပ်ဆောင်သည်နှင့် တူနေပါကြောင်း၊ ထိုသို့ မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မ ကြံစည်ကြိုးပမ်းလာမှုများကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာကာ ယာယီသမ္မတ၏ လွှဲအပ်ချက်အရ တပ်မတော်က နိုင်ငံတော်၏တာဝန်များကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေခြင်းပင်ဖြစ်ပါကြောင်း" ပြောကြားသည့် အမှာစကားစသည့် အကြောင်းအရာများအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားနှင့် မိန့်ခွန်းများကို စုစည်းထုတ်နုတ်ထားသည်။

ယင်းစာအုပ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။




**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် ယနေ့နံနက် ၉ နာရီခွဲက ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စီမံကိန်းနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းဆိုင်ရာ သဘောတူညီချက်များအပေါ် ဆောင်ရွက်ထားရှိမှုများနှင့် လူမှုဘဝထိခိုက်မှု လေ့လာဆန်းစစ်ချက် (Social Impact Assessment-SIA) တို့သည် အရေးကြီးသည့်အတွက် သေချာစွာစိစစ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဒေသခံပြည်သူများ၏ အကျိုးစီးပွား၊ လူနေမှုဘဝမြှင့်တင်နိုင်ရေးကိစ္စရပ်များနှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများနှင့် ထိခိုက်နစ်နာမှုများ မဖြစ်ပေါ်စေရေး အထူးအလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားခဲ့ပြီး စီမံကိန်းအောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# အာဆီယံကဏ္ဍအလိုက် အဖွဲ့အစည်းများနှင့် ဆက်စပ်အဖွဲ့အစည်းများအကြား အာဆီယံဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂**

အာဆီယံကဏ္ဍအလိုက် အဖွဲ့အစည်းများနှင့် ဆက်စပ်အဖွဲ့အစည်းများအကြား အာဆီယံဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ အာဆီယံအဆင့်မြင့် ဥပဒေအရာရှိကြီးများ အစည်းအဝေး(ASLOM) အလှည့်ကျဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးစန်းလွင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေးအကြံပြု**

အလုပ်ရုံဆွေးနွေးပွဲတွင် အာဆီယံဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီ(ACDM) အလှည့်ကျဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အာဆီယံကဏ္ဍလိုက် အဖွဲ့အစည်းများနှင့် ဆက်စပ်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်အသီးသီးက အာဆီယံဒေသအတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် အခြေအနေများနှင့် ရလဒ်များ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ



အထောက်အပံ့ပေးရေးနှင့် သဘာဝဘေးအန္တရာယ် အကူအညီပေးရေးပူးတွဲလုပ်ငန်းအဖွဲ့ (JTF HADR)၏ အခန်းကဏ္ဍ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေနှင့် JTF-HADR ၏ ရှေ့လုပ်ငန်းစဉ်များ ပိုမိုခိုင်မာအားကောင်းလာစေရန် ဆောင်ရွက်သင့်သည့် ကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၂

| | |
|---|---|
| ဗန်းမော်မြို့ | ၁ ဒသမ ၇၇ လက်မ |
| ကနီမြို့ | ၁ ဒသမ ၂၂ လက်မ |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | သုည ဒသမ ၈၇ လက်မ |
| ရွှေကူမြို့ | သုည ဒသမ ၇၁ လက်မ |
| မိုးညှင်းမြို့ | သုည ဒသမ ၆၇ လက်မ |
| ကသာမြို့ | သုည ဒသမ ၆၇ လက်မ |
| စစ်တွေမြို့ | သုည ဒသမ ၆၇ လက်မ |
| ပြည်မြို့ | သုည ဒသမ ၆၂ လက်မ |
| ကျောက်တော်မြို့ | သုည ဒသမ ၅၉ လက်မ |

မိုး/ဇလ

# ဘာသာ သာသနာကို အရောင်မဆိုးကြလေနှင့် . . .

စာချစ်သူ

> **လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် မြတ်ဗုဒ္ဓ၏သာသနာသည် ပရိယတ္တိသာမက ပဋိပတ္တိအပိုင်းပါ အားကောင်းလာခဲ့ပေသည်။ သထုံဇေတဝန်ဆရာတော်၊ စွန်းလွန်းဆရာတော်၊ ကန္နီဆရာတော်၊ ဝေဘူဆရာတော်၊ မိုးကုတ်ဆရာတော်၊ မဟာစည်ဆရာတော် စသော ပဋိပတ္တိဝန်ဆောင် ဆရာတော်ကြီးများသည် သာသနာ့ကျက်သရေကို တိုးမြှင့်စေတော်မူခဲ့ကြ၏။ ရှေးခါ ဘိုးဘွားမိဘ ဆရာသမားတို့၏ကျေးဇူးပင်**

တစ်နေ့က ကြုံရဆုံရသည့်အဖြစ်ကြောင့် ကိုယ့်ကိုယ်ကို ဘယ်နိုင်ငံရောက်နေသည် ဟုပင် ဝေခွဲမရတော့။ ကဆုန်လပြည့် (ဗုဒ္ဓနေ့)က ကျွန်တော်တို့မိသားစု ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်၍ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ခဲ့ကြသည်။

**အထူးရှင်လန်းတက်ကြွနေ**

ပြီးခဲ့သည့်နှစ် ကိုဗစ်ကပ်ရောဂါဆိုးကြီး စတင်ကူးစက်ဖြစ်ပွားခဲ့စဉ်ကစ၍ တို့ဘုရားကို တို့များမဖူးရသည်မှာ ကြာပြီမို့ နေအိမ်ကစထွက်ကတည်းက အထူးရှင်လန်းတက်ကြွနေသည်။

မိသားစုကများသည်မို့ တက္ကစီအငှားယာဉ်နှစ်စီး ခွဲငှားရသည်။ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်၌ စုရပ်ပြုထားသည်။လူအားလုံးစုံ၍ခတ်လှေကားပေါ်တက်တော့ အစ်မတစ်ဦး၏ မျက်နှာက မကြည်မသာနှင့် စိတ်ရှုပ်နေဟန်။ အကြောင်းရင်းကို မေးကြည့်တော့ သူတို့ငှားလာသည့် တက္ကစီယာဉ်မောင်းက "အစ်မတို့ ဒီလိုအချိန်မျိုးမှာ ဘုရားမသွားသင့်ဘူး။ တွေ့လား၊ ကျောင်းတွေတောင် ဘယ်သူမှ မအပ်ကြဘူး။ ကျွန်တော်တို့နိုင်တော့မှာ" ဟု ဆို၍ဖြစ်သည်။

**စိတ်ကိုထိန်းလိုက်ရ**

အန္တိဘူတော အယံလောကော၊ လောကကြီးတစ်ခုလုံး အမိုက်မှောင်ဖုံးလေပြီ။ ဘုရားပရိဝုဏ်အတွင်းမို့ သတိကပ်၍ စိတ်ကိုထိန်းလိုက်ရသည်။ ညဘက်ရောက်တော့ တို့ဘုရားကို တို့များဖူးရပြီမို့ ကြည်နူးသောပီတိ သောမနစိတ်ဖြင့် ရွှေတိဂုံစေတီတော် မြတ်ကြီး၏ လုံးတော်ပြည့်ပုံတော်နှင့် မိသားစု အမှတ်တရဓာတ်ပုံလေးများကို လူမှုကွန်ရက်စာမျက်နှာပေါ် တင်မိသည်။

ထိုသောအခါ "ဘုရားသွားတဲ့ပုံတွေ အခုအချိန်မှာ မတင်ပါနဲ့။ လူတွေက တစ်မျိုးထင်လိမ့်မယ်" ဟု စိုးရိမ်သောလေသံဖြင့် အစ်မတစ်ဦးက ဆိုပြန်သည်။

စိတ်ထဲမသက်မသာဖြစ်ရပြန်သည်။ ပါးစပ်ကလည်း လွှတ်ခနဲထွက်သွားသည်။

"ကျွန်တော်တို့ ဘယ်နိုင်ငံမှာ နေနေတာလဲ"

အစ်မက ဘာမျှမပြောတော့ပါ။

ကျွန်တော်လည်း ဆက်မပြောချင်တော့ပါ။

သို့တစေ အတွေးတို့ကား မရပ်မနား။

၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် ရွှေတိဂုံကုန်းတော်၌ တပ်စွဲနေသော အင်္ဂလိပ်တပ်များကို ရန်ကုန်မြို့သို့ စုန်ဆင်းလာသော ကျီဝန်ကြီး သတိုးမင်းကြီး မဟာမင်းခေါင်၊ ကင်းဝန်မင်းကြီး မဟာမင်းလှကျော်စွာ၊ လက်ယာဝင်းမှူး မင်းကြီး မဟာမင်းခေါင်၊ မြင်းစုဝန်ကြီး သီရိမဟာဇေယျသူတို့ ကြီးကြပ်သော မြန်မာ့ရဲမက်တပ်သား ၂၅၀၀၀ ကျော်ပါ မြန်မာတပ်ကြီးက ချဉ်းကပ် တိုက်ခိုက်ခဲ့သည့် အတိတ်သမိုင်း မြင်ကွင်းများကား တဖျပ်ဖျပ်။

ရွှေတိဂုံဘုရားအရှေ့ဘက် တစ်မိုင်ခန့်အကွာရှိ သစ်တောအတွင်းမှ အလံမျိုးစုံ၊ စစ်တံခွန်မျိုးစုံ လွှင့်ထူကာ ချီတက်ထွက်ပေါ်လာသော အင်အားကြီးမားသည့် မြန်မာတို့၏စစ်ကြောင်းများ၊ အင်္ဂလိပ်တို့၏ ဗုံး၊ အမြောက်တို့ဒဏ်ကြောင့် စစ်ဦးပြိုကျပြီး ရွှေတိဂုံကုန်းတော် မြောက်ဘက် စစ်မျက်နှာတိုက်ပွဲတွင် ၅၀၀၀ နီးပါးမျှ ကျဆုံးခဲ့ရသော ရှေးခေတ်မြန်မာသူရဲကောင်းရဲမက်များ၏ ပုံရိပ်များကား ဖျတ်ခနဲ၊ ဖျတ်ခနဲ။

**ကြိုးပမ်းဆောင်ရွက်ခဲ့**

မြန်မာတစ်နိုင်ငံလုံး ကိုယ့်မင်း ကိုယ့်ချင်း ဘဝကျဆုံး၍ ဗြိတိသျှလက်အောက်သို့ လုံးဝကျရောက်သွားခဲ့ပြန်တော့လည်း မြန်မာတို့သည် အမျိုးဘာသာသာသနာ ကွယ်ပျောက်မသွားစေရန် တတ်အားသရွေ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြန်ပါသည်။

သကျသီဟ(မန္တလေး)၊ စေတိယင်္ဂဏ (ရန်ကုန်)၊ သုဝဏ္ဏဘူမိ(သထုံ)၊ သုသမာစာရ(မော်လမြိုင်)၊ ဝိနယာဓိက(ပဲခူး)၊ သုဓမ္မာ(ညောင်တုန်း) စသော ပရိယတ္တိအားပေးသော အသင်းအဖွဲ့များ၊ မလွန်ဆန်လှူအသင်း စသော ပစ္စယာနုဂ္ဂဟအဖွဲ့များ တည်ထောင်၍ အမျိုးဘာသာသာသနာပြုခဲ့ကြလေသည်။

**အားကောင်းလာခဲ့**

သို့ကြောင့်မို့ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် မြတ်ဗုဒ္ဓ၏ သာသနာသည် ပရိယတ္တိသာမက ပဋိပတ္တိအပိုင်းပါ အားကောင်းလာခဲ့ပေသည်။ သထုံဇေတဝန် ဆရာတော်၊ စွန်းလွန်းဆရာတော်၊ကန္နီဆရာတော်၊ဝေဘူဆရာတော်၊ မိုးကုတ်ဆရာတော်၊မဟာစည်ဆရာတော် စသော ပဋိပတ္တိဝန်ဆောင် ဆရာတော်ကြီးများသည် သာသနာ့ကျက်သရေကို တိုးမြှင့်စေတော်မူခဲ့ကြ၏။ ရှေးခါ ဘိုးဘွားမိဘ ဆရာသမားတို့၏ ကျေးဇူးပင်။

ထို့အပြင် ကဆုန်လပြည့် (ဗုဒ္ဓနေ့)သည် ဗုဒ္ဓဘာသာဝင်များအတွက် အထွတ်အမြတ် နေ့ထူးနေ့မြတ် တစ်နေ့ဖြစ်သည်။ သုမေဓာ ရသေ့ဘဝတွင် ဗျာဒိတ်ခံခဲ့သည်ကလည်း ကဆုန်လပြည့်နေ့၊ နောက်ဆုံးဘဝတွင် ဖွားမြင်တော်မူသည်ကလည်း ကဆုန်လပြည့်နေ့၊ ဘုရားအဖြစ်သို့ ရောက်တော်မူသည်ကလည်း ကဆုန်လပြည့်နေ့၊ ဘဝအဆုံးသတ် ပရိနိဗ္ဗာန်စံသည်ကလည်း ကဆုန်လပြည့်နေ့။

ဤသို့ မြတ်ဗုဒ္ဓ၏ဘဝနှင့်ဆက်စပ်နေသည့် နေ့ထူးနေ့မြတ်ဖြစ်၍ ကဆုန်လပြည့်နေ့ ရောက်လေတိုင်း မြန်မာနိုင်ငံ၌သာမက ဗုဒ္ဓဘာသာဝင်တိုင်းနိုင်ငံအသီးသီးတွင်လည်း ဗုဒ္ဓနေ့အဖြစ် ဝှဲချီး ခမ်းနားစွာကျင်းပကြလေသည်။

**ခမ်းနားစွာကျင်းပလေ့ရှိ**

အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့တွင် ဝိသာခ (ဝေသာခ) နက္ခတ်နှင့်ယှဉ်တွဲဖြစ်ပေါ်လာသည့်နေ့ဖြစ်၍ ဝေဆာခ်ပွဲတော်အဖြစ် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်၊ ကျေးဇူးတော်များကို အာရုံပြု၍ ခမ်းနားစွာကျင်းပလေ့ရှိကြသည်။

**ထူးချွန်စွာဟောပြောနိုင်**

"ဗုဒ္ဓ၏ အဆုံးအမများသည် ထူးခြားသော အဆုံးအမများဖြစ်၏၊ ဗုဒ္ဓသည် အင်မတန်မှ ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်၏၊ ကမ္ဘာကြီးငြိမ်းချမ်းအောင်၊ လူတို့၏ စိတ်နှလုံးပူလောင်မှုများကို ငြိမ်းချမ်းအောင် ထူးချွန်စွာ ဟောပြောနိုင်သည့် ပုဂ္ဂိုလ်ဖြစ်သည်။ ဗုဒ္ဓမွေးဖွားသည့်ရက်ကို ကမ္ဘာ့ရုံးပိတ်ရက်အဖြစ် အသိအမှတ်ပြုသင့်သည်" ဟူသည့် အဆိုတင်သွင်းမှုအရ ကမ္ဘာ့ကုလသမဂ္ဂ(UN)သည် ၂၀၀၀ ပြည့်နှစ်က ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့အဖြစ် သတ်မှတ်၍ တစ်ကမ္ဘာလုံး ရုံးပိတ်ရက်အဖြစ် ဆုံးဖြတ်ခဲ့လေသည်။

ပါမောက္ခချုပ် ဆရာတော်ကြီး အရှင်နန္ဒမာလာဘိဝံသကလည်း ကဆုန်လပြည့် ဗုဒ္ဓနေ့နှင့်ပတ်သက်၍ "ဘုန်းကြီးတို့ သီရိလင်္ကာနေတုန်းက သီရိလင်္ကာက ဝေဆာခ်ပွဲဟာ အလွန် ကြီးကျယ်တယ်။ အခု မြန်မာပြည်မှာ ကြီးကျယ်နေတာ သင်္ကြန်ပွဲဖြစ်တယ်၊ ကဆုန်လမှာ သာမန်ညောင်ရေသွန်းပွဲလောက် ပွဲလုပ်ကြတယ်။ ဒီနေ့က ဘုရားဖွားတော်မူတဲ့နေ့လည်း ဖြစ်တယ်။ ဘုရားအဖြစ်သို့ ရောက်တော်မူတဲ့နေ့လည်း ဖြစ်တယ်။ ပရိနိဗ္ဗာန်စံတော်မူတဲ့နေ့လည်း ဖြစ်တယ်။ အင်မတန်မှ ထူးခြားတဲ့နေ့၊ ဒီထဲမှာ ထပ်ထည့်မယ်ဆိုလို့ရှိရင် ဗျာဒိတ်ခံတဲ့နေ့လည်း ဖြစ်တယ်။

ဒါကြောင့်မို့ ကဆုန်လပြည့် ဗုဒ္ဓနေ့ဟာ အင်မတန်မှ ထူးခြားတယ်။ ဗုဒ္ဓဘာသာနိုင်ငံတွေမှာ ကဆုန်လပြည့်နေ့ဟာ တကယ့်ကို အမှတ်တရ လုပ်သင့်တဲ့နေ့ပဲ။ သီရိလင်္ကာနိုင်ငံမှာ နှစ်လလောက်ကကြိုပြီး ဝေဆာခ်ကတ်ဆိုတာ (ခရစ္စမတ် ကတ်လို)ထုတ်ဝေကြတယ်။ မြတ်စွာဘုရားဟောတဲ့ ဒေသနာတွေ၊ ဘုရားပုံတော်တွေနဲ့ greeting ကတ်တွေ သူငယ်ချင်းတွေ တစ်ဦးနှင့်တစ်ဦး၊ ဗုဒ္ဓဘာသာတွေ တစ်ဦးနဲ့ တစ်ဦး ပေးပို့ကြတယ်။

**မေ့နေသလိုရှိ**

"မြန်မာပြည်မှာ အဲဒါလုပ်သင့်တယ်။ ညောင်ရေသွန်းရုံလောက်တင် မဖြစ်သင့်ဘူး။ ဗုဒ္ဓနေ့ ညောင်ရေသွန်းတာက ဗုဒ္ဓရဲ့ဖွားဖက်တော် ဗောဓိပင်ပဲ ရေလောင်းဖို့သတိရကြတယ်။ မြတ်စွာဘုရားရဲ့ဘဝကို မေ့နေသလိုရှိတယ်ပေါ့။ ကိုယ့်မွေးနေ့တွေ လုပ်ကြတယ်။ ဘုရားမွေးနေ့ကိုတော့ မေ့နေကြတယ်လို့ ပြောစရာဖြစ်တယ်။

"ဗုဒ္ဓနေ့ကိုတော့ အမှတ်ရကြပါလို့ ဗုဒ္ဓဘာသာဝင်တွေကို ပြောချင်တယ်။ ကိုယ်ကိုးကွယ်တဲ့ဘုရားဟာ ကိုယ့်အပေါ် ဘယ်လောက်ကျေးဇူးရှိလဲ စဉ်းစားကြည့်။ ကုသိုလ် အကုသိုလ်၊ လုပ်သင့်တာနဲ့ မလုပ်သင့်တာ၊ အပြစ်ရှိတာနဲ့ မရှိတာ၊ ဘဝခရီး ဘယ်လို လျှောက်လှမ်းရမယ်ဆိုတဲ့ တရားဓမ္မတွေ ဟောပြောနေတာ ဘယ်သူတုံးဆိုရင် ဘုရားပဲ။ ဘုန်းကြီးတို့ ဟောတယ်ဆိုတာ ဘုရားရဲ့တရားတွေ ပြန်ဟောနေရတာ။ ကမ္ဘာကြီးကို ငြိမ်းချမ်းအောင် စွမ်းဆောင်နိုင်ပြီးတော့ လူတွေရဲ့ဒုက္ခတွေ လျော့ပါးအောင် ဟောပြောပေးတဲ့ ကျေးဇူးရှင်ဟာ ဘယ်သူတုံးဆိုရင် ဗုဒ္ဓပဲပေါ့။ အဲဒီတော့ မြတ်စွာဘုရားရဲ့ ဖွားတော်မူတဲ့နေ့ဟာ မမေ့သင့်တဲ့နေ့ တစ်နေ့ပါပဲ။ ညောင်ရေသွန်းပွဲလေးနဲ့တင် အားမရဘဲနဲ့ မြတ်စွာဘုရားရဲ့ ဖွားတော်မူတဲ့နေ့မှာ အထူးတလည် မြတ်စွာဘုရားကို ပူဇော်သင့်တာပေါ့။

**ညွှန်ပြဆိုဆုံးမတော်မူခဲ့**

"အဲဒီတော့ ဗုဒ္ဓနေ့ကို အလေးအနက်ထားပြီး လုပ်သင့်တယ်၊ ကုလသမဂ္ဂဆုံးဖြတ်ချက်ကြောင့် တချို့နိုင်ငံတွေမှာဆိုရင် ဝေဆာခ်ပွဲတော်ဆိုပြီး တော်တော်လေးကြီးကြီး ကျယ်ကျယ် လုပ်နေကြပြီ။ အခု မြန်မာပြည်မှာတော့ လုပ်တာသိပ်မတွေ့သေးဘူးပေါ့နော်။ လုပ်သင့်လုပ်ထိုက်တယ်ပေါ့။ သူများတွေလုပ်လုပ် မလုပ်လုပ် ကိုယ့်ဗုဒ္ဓဘာသာဝင်တွေက နေပြီးတော့ အထူးတလည် ကိုယ်တတ်နိုင်တဲ့ ရှုထောင့်ကနေပြီးတော့ လုပ်သင့်တယ်" စသဖြင့် "ဗျာဒိတ်တော်ကြားဘုရား (၂၄) ဆူ" တရားတော်တွင် ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့ပါ၏။

"ဒီလိုအချိန်မျိုးမှာ ဘုရားမသွားသင့်ဘူး"ဟူသည့် တက္ကစီယာဉ်မောင်းတစ်ဦး၏ အဓမ္မဆိုစကားကြောင့် ကျွန်တော်၏စိတ်အတွေးတို့သည် ထိုထိုဤဤ မရပ်မနား တရစပ် ခရီးနှင်ဆဲ။

ကျေးဇူးတော်ရှင် ရွှေကျင်နိကာယဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ မတ္တရာသူဌေးကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တမာနိတသိရီဘိဝံသ (ကထိကရဟန်း)၏

"ဒို့ဘိုး ဒို့ဘွား ဒို့မျိုးများက
နောက်သားနောင်လာ ကိုးကွယ်ရာဖို့
များစွာစေတီ ခံ့ထည်တန်ဆောင်း
ကျောင်းနှင့် ဇရပ် ပြဿဒ်ဝေဝေ
တည်ခဲ့ပေ၏။
ခုနေအခါ သာသနာလည်း
ရှေးခါဘိုးဖ ပေးခဲ့ကြ၍
တွေ့ကြရပြီ ကြုံရပြီတည်း။
ထိုဤများစွာ မွေခမ္မကို
ဒို့ကဆက်ခါ ခံယူကာဖြင့်
ညီညာအားကြိုး ဒို့သည်ပိုးမှ
ဒို့မျိုးဘာသာ သာသနာသည်
ရှည်ကြာတည်တံ့နိုင်လိမ့်သော်"

ဟူသည့် "ဒို့တာဝန်" ကဗျာသို့ ရောက်လေမှ စိတ်အတွေးတို့သည် နိဂုံးကမွတ် အဆုံးသတ်သွားလေတော့သည်။

မိတ်ဆွေ၊ သင်သိပါလေစ။ မြန်မာမှန်လျှင် သိရပေမည်။

ဘာသာသာသနာကို အရောင်မဆိုးကြလေနှင့်။ ။

**ကျမ်းကိုး ။ ။ ဓမ္မာစရိယ ဦးဌေးလှိုင်၏ "မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ"**
**နတ်မောက်ဘုန်းကျော်၏ "အင်္ဂလိပ်-မြန်မာ စစ်သမိုင်း"**

# ကုမ္ပဏီအခွန်ထမ်းများ၏ အခွန်ပေးသွင်းရာတွင် ငွေသား / ချက်လက်မှတ်ဖြင့် ပေးသွင်းနေမှုအစား အီလက်ထရောနစ် ငွေပေးချေမှုစနစ်များဖြင့် ပြောင်းလဲကျင့်သုံးသွားမည့်အစီအစဉ်ကို အသိပေးကြေညာ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**

**နိုင်ငံတော်သို့ အခွန်ပေးဆောင်နေကြသော ကုမ္ပဏီအခွန်ထမ်းများ၏ အခွန်ပေးသွင်းရာတွင် ငွေသား / ချက်လက်မှတ်ဖြင့် ပေးသွင်းနေမှုအစား အီလက်ထရောနစ် ငွေပေးချေမှုစနစ်များဖြင့် ပြောင်းလဲကျင့်သုံးသွားမည့်အစီအစဉ်ကို အသိပေးကြေညာခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ အခွန်ပေးဆောင်ရာတွင် လွယ်ကူလျင်မြန်စေရန် ရည်ရွယ်၍ အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများဖြင့်လည်းကောင်း၊ မိုဘိုင်းငွေပေးချေမှုနည်းလမ်းများ (Mobile Banking, Mobile Payment) ဖြင့်လည်းကောင်း၊ MPU Debit Card အသုံးပြု၍ Online မှလည်းကောင်း သက်ဆိုင်ရာဘဏ်များနှင့်ချိတ်ဆက်၍ ပေးဆောင်နိုင်ရေး ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၂။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number–TIN) ရရှိပြီးဖြစ်သော အခွန်ထမ်းများအနေဖြင့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန်တို့ကို မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်၊ ဘဏ်ခွဲများအပါအဝင် ပုဂ္ဂလိကဘဏ်များတွင် စာရင်းဖွင့်ထားရှိသော မိမိတို့ဘဏ်ငွေစာရင်း (Bank A/C) မှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကွန်ရက်စနစ် CBM–NET ကို အသုံးပြု၍လည်းကောင်း၊ MPU Debit Card ဖြင့် Online Tax Payment System (https://onlinepayment.ird.gov.mm/etax) ကိုအသုံးပြု၍လည်းကောင်း မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းသို့ အခွန်ပေးသွင်းနိုင်ပါသည်။

၃။ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများတွင် အခွန်ပေးဆောင်နေသည့် ကုမ္ပဏီများ၏ ဝန်ထမ်းများအတွက် လစာဝင်ငွေခွန်ပေးဆောင်ခြင်းကို အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများ၊ မိုဘိုင်းငွေပေးချေမှုနည်းလမ်းများ (Mobile Banking, Mobile Payment) (သို့မဟုတ်) MPU Debit Card ကို အသုံးပြု၍ ကုမ္ပဏီအခွန်ထမ်းမှ အခွန်ထမ်းဆောင်နေသော အခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးဆောင်နိုင်ပါသည်။

၄။ ပုဂ္ဂလိကဘဏ်များရှိ မိမိတို့ဘဏ်ငွေစာရင်း (Bank A/C) မှ အီလက်ထရောနစ်ငွေပေးချေမှု နည်းလမ်းများ၊ မိုဘိုင်းငွေပေးချေမှုနည်းလမ်းများ (Mobile Banking, Mobile Payment) (သို့မဟုတ်) MPU Debit Card ကို အသုံးပြု၍ အခွန်ပေးဆောင်ရာတွင် အခွန်ပေးသွင်းမှု အထောက်အထားများအဖြစ် သက်ဆိုင်ရာပုဂ္ဂလိကဘဏ်များမှ ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို ကနဦးထုတ်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများတွင် အခွန်ငွေလက်ခံရရှိပြီးပါက ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထား [ပတခ(e-payment)]ကို အခွန်ထမ်းထံသို့ ပေးပို့အကြောင်းကြားမည်ဖြစ်ပါသည်။

၅။ နိုင်ငံပိုင်ဘဏ်များတွင် ဘဏ်ငွေစာရင်း (Bank A/C) ဖွင့်လှစ်ထားရှိသည့် အခွန်ထမ်းများအနေဖြင့် ငွေသား/ချက်လက်မှတ်နှင့် စာရင်းပြောင်းနည်းဖြင့် အခွန်ပေးဆောင်နိုင်ပါသည်။

၆။ သို့ဖြစ်ပါ၍ ၂၀၂၀–၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ဇူလိုင်လ(၁) ရက်နေ့မှစတင်၍ နိုင်ငံပိုင်ဘဏ်များတွင် ဘဏ်ငွေစာရင်း (Bank A/C) ဖွင့်လှစ်ထားသော အခွန်ထမ်းများမှအပ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် ရန်ကုန်မြို့ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများရှိ အခွန်ထမ်းများအပြင် အဆိုပါရုံးများတွင် အခွန်ပေးဆောင်နေသော ကုမ္ပဏီများ၏ ဝန်ထမ်းများအတွက် လစာဝင်ငွေခွန်ပေးဆောင်ခြင်းများကို ငွေသား/ချက်လက်မှတ်ဖြင့် အခွန်ငွေပေးသွင်းမှုအစား ပိုမိုလွယ်ကူလျင်မြန်ပြီး လုံခြုံမှုရှိသည့် အီလက်ထရောနစ်ငွေပေးချေမှု စနစ်များဖြင့်သာ လက်ခံကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

၇။ အခွန်ထမ်းများအနေဖြင့် သိရှိလိုသည်များရှိပါက
(က) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)
ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊
နေပြည်တော်
ဖုန်းနံပါတ်– ၀၆၇–၃၄၃၀၅၃၃၊ ၀၆၇–၃၄၃၀၅၂၂
(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်)
အမှတ်– ၅၉/၆၁ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်းနံပါတ်– ၀၁–၃၇၈၃၇၀၊ ၀၁–၃၇၈၃၇၂
(ဂ) သတင်းအချက်အလက်နှင့်နည်းပညာဌာနခွဲ
(e–Payment Section)
အမှတ် ၅၆၉/၅၇၇၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်းနံပါတ် ၀၁–၈၃၇၉၀၂၁ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

# ရောဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာအဆင့်ခေါင်းဆောင်မှု နည်းပြသင်တန်းဖွင့်လှစ်

**ဧရာဝတီ ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ကျေးရွာအဆင့် ခေါင်းဆောင်မှုနည်းပြသင်တန်းကို တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ဖွင့်လှစ်ရာ တိုင်းဒေသကြီးဦးစီးမှူးက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၁၂၃ ဦးတက်ရောက်ခဲ့ပြီး သင်တန်းတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ သင်တန်းသားများအား ကိုယ်အပူချိန်တိုင်းခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်သန့်စင်ခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးကြောင်း သိရသည်။ ကြေးမုံ



# ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# ခေါင်းလောင်းဆွဲချိန်

- ဖြူဖြူဖွေးဖွေး၊ ခေါင်းလောင်းလေးတွေ
အဝေးကပင်၊ ထင်းထင်းမြင်သည်
စိမ်းလွင်ရွက်များ နောက်ခံထား . . . ။
နတ်ဖန်သည့်လား ထင်ယောင်မှား . . . ။

- လေပြည်တစ်ချက်၊ ညင်းညင်းသက်စဉ်
စိတ်စက်ကြည်အောင်၊ သင်းသင်းဆောင်မို့
တောင်မှမြောက်ဆီ၊ ပျံ့ပျံ့စည်လျက်
တည်နေနံ့သာ၊ သင်းသင်းသာသည်
ယာမြေကွင်းလုံး အထည်သား . . . ။

- ဟိုမှသည်မှ၊ ရောက်လာကြ၍
ခဏခိုနား၊ ခေါင်းလောင်းများမှ
ဆောင်သွားရိက္ခာ၊ အခါခါတည့်
သေချာစိုက်ငေး၊ တွေးမိသေးသည်
လေးစားလောက်စွ၊ ပျားလောကဟု
ဒိဋ္ဌထင်ထင် အထင်းသား . . . ။

- မိုးဦးချိန်မှန်၊ ကြောင်းရင်းခံနှင့်
ထက်သန်လုံ့လ၊ ကြဲပက်ကြသော်
နိုးထသစ်လွင်၊ မြန်မာပင်တို့
ရှင်သန်အားဖွံ့၊ ကြီးပြင်းခဲ့ပြီ
“စက်လှည့်”ဖွံ့ထွား၊ သည့်နောက်များဝယ်
ကြွားဝင့်ရဲရဲ၊ “ခေါင်းလောင်းဆွဲ” သို့
တွဲလွဲခိုနေ၊ ပွင့်ကြချေပြီ
သောက်နေခြည်ဖျန်း အခံ့သား . . . ။

- အို...
မိုးဦးနှမ်းလျှင်၊ ရရေးမြင်ပြီ
ရင်လှာရွှန်းပျို့ တောင်သူတို့ . . . ။
ဥတုရာသီ မှန်သည်မို့ . . . ။ ။

မောင်စိမ်းနှောင်(လယ်ဝေး)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းသားဦးရေ ၂၅၆၈၁၈ ဦး တက်ရောက်ပညာသင်ကြား

**ရန်ကုန် ဇွန် ၂**
မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ ထက်၊ လယ်၊ မူကျောင်းသား ၁၇၂၃၉၉ ဦး၊ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်း ၉၅၃၈ ဦး၊ ကိုယ်ပိုင်ကျောင်း ၁၇၃၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ ယနေ့တွင် ကျောင်းသားအရေအတွက် ၂၅၆၈၁၈ ဦး တက်ရောက်ကြကြောင်း တိုင်းပညာရေးဦးစီးမှူးရုံးမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဇွန် ၂ ရက်အထိ ကျောင်းအပ်နှံမှုမှာ စုစုပေါင်း ကျောင်းသားဦးရေ ၃၈၄၂၆၈ ဦးရှိကြောင်း သိရသည်။

"ကျောင်းနေအရွယ်ကလေးတွေအားလုံး ကျောင်းအပ်နှံဖို့အတွက် ကျောင်းအပ်နှံရေးနေ့ဆိုတာ နဂိုကတည်းက သတ်မှတ်ထားပြီးသားပါ။ အခု နောက်ပိုင်းကျမှသာ ဘယ်ရက်ကနေ ဘယ်ရက်အထိဆိုပြီး တိကျတဲ့ညွှန်ကြားချက်တွေနဲ့ ကျောင်းအပ်နှံဖို့အတွက် ထုတ်ပြန်တာပါ။ မေ ၂၄ ရက်ကစပြီး မေ ၃၁ ရက်အထိကို ကျောင်းအပ်နှံရေးနေ့အဖြစ် ဆောင်ရွက်ပြီး ဇွန် ၁ ရက်မှာ ကျောင်းတွေအားလုံး တစ်ပြေးညီ တစ်နိုင်ငံလုံး စတင်ဖွင့်လှစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနက ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး အချက်ပေါင်း ၃၃ ချက် ထုတ်ပြန်ထားတယ်။ အဲဒီအချက်တွေနဲ့ လိုက်လျောညီထွေ ကျောင်းအားလုံး ပြင်ဆင်ခဲ့ပါတယ်။ ကလေးတွေ ကျောင်းရောက်တာနဲ့ သူတို့အတွက် Mask နဲ့ Face Shield ၊ Hand Gel တို့၊ ဘေစင်တို့ သတ်မှတ်ချက်အတိုင်း လူတစ်ဦးကို ခြောက်ပေကွာနှုန်းနဲ့ စာသင်ခန်းအတွင်း ဝင်ရောက်ဖို့ လည်း အားလုံးညွှန်ကြားပြီးပါပြီ။ ဗီနိုင်းတွေ၊ ပိုစတာတွေ ကျောင်းတိုင်း ကျောင်းတိုင်းမှာ ထားရှိပြီးဖြစ်ပါတယ်။ ပညာရေးမှာ အခမဲ့ပညာရေး စခဲ့တာကြာပါပြီ၊ ပုံနှိပ်စာအုပ်လည်း အခမဲ့၊ ဗလာစာအုပ်လည်း အခမဲ့၊ ကိုဗစ်နဲ့ပတ်သက်တဲ့ ပစ္စည်းတွေလည်း အခမဲ့၊ ရေးစရာခဲတံ၊ ပေတံ၊ ဘောပင်တွေကအစ အားလုံး အခမဲ့ပါ။ ကျွန်တော်တို့မှာ စီမံချက်တွေ ရေးဆွဲထားပါတယ်။ ကျောင်းသားရယ်၊ ဆရာရယ်၊ မိဘရယ် အားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် ပညာရေးက အောင်မြင်မှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဦးစိန်ဝင်းက ပြောသည်။



ဒလမြို့နယ် အထက(၄) ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇော်ဇော်လတ်

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနသည် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်း အခြေခံပညာဦးစီးဌာနအောက်ရှိ ထက်/လယ်/မူ ကျောင်းများကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ၂၀၂၁ ခုနှစ် မေ ၂၄ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားပြီး မည်သည့် အခကြေးငွေမှ ကောက်ခံမှုမရှိဘဲ ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ပေတံ စသည်တို့ကိုလည်း အခမဲ့ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက အသိပေးထုတ်ပြန်ထားခဲ့သည်။

"တာမွေမြို့နယ်က မူလတန်းကျောင်း အမှတ် (၂၅/၂၈/၃၁) ဆိုရင် နဂိုကတည်းက ကျောင်းသား ၂၈ ဦးလောက်ရှိတဲ့ကျောင်းက ခုကာလ မှာ အနည်းငယ်သာ လာအပ်ကြတယ်။ အခုက ကျောင်းသားမိဘတွေက စောင့်ကြည့်နေဆဲကာလဖြစ်နေတော့ ကျောင်းအပ်နှံမှုက နည်းနေတယ်။ ကျောင်းဘက်က အားလုံးအဆင်သင့် ပြင်ဆင်ထားတယ်။ ကျောင်းက ပုံမှန်ဖွင့်နေပြီ ကျောင်းသားရှိသလောက်ကို သင်ကြားပေးမှာပါ"ဟု ပညာရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ အရာရှိတစ်ဦးက ပြောသည်။

"ကလေး KG တက်ဖို့ ကျောင်းတော့ အပ်ထားခဲ့ပြီးပြီ။ ဖေ့စ်ဘွတ်မှာ ပြောနေတာကြောင့် စိုးရိမ်စိတ်နဲ့ မနေ့က အခြေအနေကြည့်ပြီး ကလေးကို ကျောင်းမပို့ခဲ့ဘူး။ ဒီနေ့တော့ ကျောင်းပို့ခဲ့တယ်။ ကျောင်းမှာ တာဝန်ရှိသူတွေ စောင့်နေကြတာရှိတယ်။ ကျောင်းကတော့ပုံမှန်ပါပဲ" ဟု တောင်ဥက္ကလာပမြို့နယ်နေ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း လေးကျောင်းအပါအဝင် အခြေခံပညာ ကျောင်း ၂၇၅၈ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း ၂၃၀၊ ကိုယ်ပိုင်ကျောင်း ၂၇၃ ကျောင်းဖွင့်လှစ်၍ ပညာသင်ကြားပေး လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြား

**မန္တလေး ဇွန် ၂**
၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာ ကျောင်းများအား တစ်နိုင်ငံလုံးအတိုင်းအတာ အနေဖြင့် ဇွန် ၁ ရက်မှ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ရာ မန္တလေးမြို့ရှိ အခြေခံပညာကျောင်းအသီးသီးတွင် လည်း ကျောင်းတက်ရန် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာ အတန်းအလိုက် ဘာသာရပ်သင်ခန်းစာများကို သင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။

**စုစုပေါင်း ၄၈၁၅ ကျောင်း**

ယခုပညာသင်နှစ်တွင် မန္တလေးတိုင်းဒေသကြီး အတွင်း၌ အခြေခံပညာကျောင်းပေါင်း ၄၂၆၃ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ၂၃၅ ကျောင်းနှင့် ဘုန်းတော်ကြီး သင်ပညာရေးကျောင်း ၃၁၇ ကျောင်း စုစုပေါင်း ၄၈၁၅ ကျောင်းအား စတင်ဖွင့်လှစ်ကာ ပညာ သင်ကြားပေးလျက်ရှိပြီး ကျောင်းများအပ်နှံရန် စတင်ခွင့်ပြုသည့် မေ ၂၄ ရက်မှ ဇွန် ၂ ရက်အထိ ကျောင်းလာရောက်အပ်နှံသူ စာရင်းမှာ ၃၄၉၅၇၉ ဦးရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး မှ ညွှန်ကြားရေးမှူး(ပညာ) ဦးတင်ရွှေက ပြောသည်။

"ပြီးခဲ့တဲ့ပညာသင်နှစ်မှာ အခြေခံပညာကျောင်း တွေကို ကိုဗစ်-၁၉ ရောဂါကြောင့် ခဏပဲဖွင့်ပြီး ပြန်ပိတ်ခဲ့ရပါတယ်။ ဒါကြောင့် အခုပညာသင်နှစ်မှာ တော့ ကလေးတွေရဲ့ပညာရေး အဆက်မပြတ်စေဖို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီတို့ရဲ့ လမ်းညွှန်မှုနဲ့အတူ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနရဲ့ ညွှန်ကြားမှုတွေနဲ့အညီ ကျွန်တော်တို့တိုင်းဒေသကြီး ပညာရေးမှူးရုံးက မန္တလေးတိုင်းအတွင်းမှာရှိတဲ့ ကလေးတွေအားလုံး ကျောင်းတွေကို ရောက်ရှိပညာ သင်ကြားနိုင်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းအသီးသီးမှာလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် ကလေးအရွယ် အလိုက် Mask တွေ၊ Face Shield တွေ ဝတ်ဆင်နိုင်ဖို့နဲ့



မန္တလေး အောင်မြေသာစံမြို့နယ် အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

ညွှန်ကြားချက်တွေအတိုင်းလိုက်နာပြီး သင်ကြားပေး နိုင်ဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒ့ါအပြင် ကျောင်းတွေမှာ ကျောင်းသား ကျောင်းသူတွေ လုံခြုံမှုရှိစေဖို့အတွက် ကျောင်းသား ကျောင်းသူများ စောင့်ရှောက်ရေးအဖွဲ့တွေကို ဖွဲ့စည်းပြီး ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် မိဘများ အနေနဲ့ ကျောင်းမအပ်ရသေးတဲ့ မိမိတို့သားသမီး များကို ကျောင်းအပ်နှံပေးပြီး ပညာသင်ကြားနိုင်ဖို့ အတွက် အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်း လိုပါတယ်"ဟု ၎င်းက ပြောသည်။

ယခုပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်ရာတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကျန်းမာ ရေးဝန်ထမ်းများနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား Mask များနှင့်Face Shield များ စနစ်တကျတပ်ဆင်စေခြင်း၊ ကျောင်းအဝင်၌ ကိုယ်ပူချိန် တိုင်းတာခြင်း၊ ကျောင်းအတွင်း ပြင်ဆင်ထားရှိသည့် လက်ဆေးဘေစင်များတွင် စနစ်တကျ လက်ဆေးစေ ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ကျောင်းမှာ ကျောင်းသား ကျောင်းသူ တွေ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီး ရေးအတွက် ကျောင်းမဖွင့်ခင်ကတည်းက စာသင်ခန်း တွေနဲ့ ကျောင်းဝင်းအတွင်းမှာ ပိုးသတ်ဆေးတွေ ဖျန်းပေးထားပြီး စာသင်ခုံတွေကို တစ်ဦးနဲ့တစ်ဦး လေးပေစီခြားထားပါတယ်။ ခြေနင်းဘေစင်၊ ခြေနင်း အမှိုက်ပုံးတွေနဲ့ လက်သန့်ဆေးတွေကိုလည်း စနစ် တကျ ပြင်ဆင်ထားပါတယ်။ ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဗီနိုင်းတွေကိုလည်း မြင်သာထင်သာ ရှိတဲ့ နေရာတွေမှာ ချိတ်ဆွဲထားပါတယ်။ ကျောင်းကို ရောက်ရှိလာတဲ့ ကလေးတွေအားလုံး စိတ်အေးချမ်း စွာနဲ့ ပညာသင်ကြားနိုင်ဖို့ ကျွန်မတို့ ဆရာ ဆရာမ တွေအနေနဲ့ ကြိုးစားဆောင်ရွက်ပေးသွားမှာပါ"ဟု အောင်မြေသာစံမြို့နယ် အခြေခံပညာမူလတန်း ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးတစ်ဦးက ပြောသည်။

ထို့အပြင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ မိမိကလေးငယ်အား ကျောင်းတက်ရန် လာရောက် ပို့ဆောင်ပေးသည့် မိဘတစ်ဦးကလည်း "ဒီနှစ်မှာ Grade(1) စတက်မယ့် ကျွန်မကလေးကို ကျောင်း လိုက်ပို့တာပါ။ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ် နိုင်ဖို့ ကျောင်းမဖွင့်ခင်ကတည်းက အိမ်မှာ Mask တပ်ပုံနည်းစနစ်တွေကို သင်ကြားပေးထားပါတယ်။ အခု ကျောင်းကိုလာတဲ့အခါမှာလည်း အိမ်ကနေ Mask တပ်ပြီးမှ လာခဲ့တာပါ။ ကျောင်းမှာလည်း ရောဂါကာကွယ်ရေးအတွက် စနစ်တကျ ကြိုတင် ပြင်ဆင် လုပ်ဆောင်ပေးနေတာတွေကို တွေ့ရတဲ့ အတွက် အားရကျေနပ်မိပါတယ်။ ပညာတတ်မှ လူရာ ဝင်တဲ့ခေတ်မှာ ပညာရေးက အဓိကကျတဲ့အတွက် အခုလိုကျောင်းတွေ ပြန်ဖွင့်ပေးတဲ့အပေါ်မှာ မိဘ တစ်ဦးအနေနဲ့ အလွန်ကိုပျော်ရွှင်မိပါတယ်။ ပညာ တစ်နှစ်မသင်ရရင် တစ်နှစ်နစ်နာတဲ့အတွက် ကျောင်းမအပ်ရသေးတဲ့ မိမိတို့သားသမီးတွေကို ကျောင်းကို လာရောက်အပ်နှံကြဖို့ တိုက်တွန်းလိုပါ တယ်"ဟု ပြောသည်။

၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် အခြေခံပညာ ကျောင်းများရှိ ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ပညာရေးစနစ်အဖြစ် နိုင်ငံတော်မှ မူလတန်း အဆင့်တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာ စာအုပ်တစ်ဒါဇင်၊ ခဲတံလေးချောင်းစီ ပြန်လည်အသုံး ပြုနိုင်သော Mask နှစ်ခုနှင့် Face Shield တစ်ခုစီ ကိုလည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ် တစ်ဒါ ဇင်၊ ခဲတံ နှစ်ချောင်းနှင့် ဘောပင်နှစ်ချောင်းစီ၊ ပြန်လည်အသုံးပြုနိုင်သော Mask နှစ်ခုနှင့် Face Shield တစ်ခုစီတို့ကို ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု ပုံရိပ်များ

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများအားလုံးကို ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဇွန် ၂ ရက် နံနက်တွင် သင်ကြားလျက်ရှိသည့် ပုံရိပ်များအား စုစည်းဖော်ပြလိုက်ပါသည် -


သရက်ချောင်းမြို့
သရက်ချောင်း(ပြန်/ဆက်)


မိုင်းဆတ်မြို့
မြင့်မောင်(မိုင်းဆတ်)


နေပြည်တော်၊ အလက(၃)
သတင်းစဉ်



နေပြည်တော်၊ အထက(၆)
သတင်းစဉ်


ကျိုက်မရောမြို့နယ်
ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)


ဒလမြို့နယ်
နိုင်လင်းကျော်(IPRD)


တာလေမြို့
အောင်ကျော်မိုး(ပြန်/ဆက်)


ဗဟန်းမြို့နယ်၊ အထက (၃)
ဇော်ဇော်လတ်


သံဖြူဇရပ်မြို့နယ်
အေးအေးသီ

# နေပြည်တော်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ကျောင်းအပ်နှံမှုများ ဆက်လက် လက်ခံ



နေပြည်တော် အထက (၇)၌ ကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၂**

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်မှ စတင်၍ ဖွင့်လှစ်ပေးခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိပြီး ကျောင်းအပ်နှံမှုများကိုလည်း ဆက်လက်လက်ခံလျက်ရှိကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများတွင် တက်ရောက်ရန်အတွက် ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း လာရောက်အပ်နှံသူ အများအပြားရှိခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမအပ်ရသေးသည့် ကျောင်းသား ကျောင်းသူများအတွက်လည်း ကျောင်းဖွင့်ချိန်ကာလအတွင်း ကျောင်းအပ်နှံမှုများ လက်ခံပေးနေခြင်းကြောင့် ဇွန် ၂ ရက်အထိ လာရောက်အပ်နှံရန် စာရင်းပေးထားခြင်းများရှိကြောင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက (၃) ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က ပြောသည်။

"ကျွန်တော်တို့ကျောင်းအနေနဲ့ ဇွန် ၁ ရက်မှာ ကျောင်းတက်ရာခိုင်နှုန်း ၆၉ ရာခိုင်နှုန်းရှိပါတယ်။ ကျောင်းမအပ်ရသေးတဲ့ ကျောင်းသား ကျောင်းသူတွေအတွက်လည်း ကျောင်းဖွင့်ချိန်ကာလအတွင်းမှာ ကျောင်းအပ်နှံမှုကိုဆက်လက်လက်ခံပေးနေပါတယ်။ ကျောင်းတက်ဖို့က ကျောင်းသားတွေရဲ့ အခွင့်အရေးဖြစ်ပါတယ်။ ဒီနေ့ကို ကျောင်းသားအသစ်အနေနဲ့ ၃၄ ဦး လာရောက်အပ်နှံပါတယ်။ ကျောင်းတက်ရာခိုင်နှုန်းကတော်တော်များပါတယ်။ ဇွန် ၁ ရက်မှာ အထက်တန်း၊ အလယ်တန်းနဲ့ မူလတန်းကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၃၀ တက်ရောက်ပါတယ်။ ကျွန်တော်တို့ကျောင်းရဲ့ ကျောင်းတက်ချိန်က နှစ်သုတ်ခွဲပြီး စီစဉ်ထားပါတယ်။ နံနက်ပိုင်းမှာ ၇နာရီကျောင်းတက်ပြီး ၁၁ နာရီ ၅၅ မိနစ်မှာ ကျောင်းဆင်းပါတယ်။ အလယ်တန်းအဆင့်တွေက နံနက်ပိုင်း ကျောင်းတက်ရပါတယ်။ ညနေပိုင်းကျတော့ မွန်းလွဲ ၁၂ နာရီခွဲ ကျောင်းတက်ရပြီး မူလတန်းအဆင့်အနေနဲ့ ညနေ ၄ နာရီခွဲ ကျောင်းဆင်းရပြီး အထက်တန်းအဆင့်ကတော့ ညနေ ၅နာရီ ၂၅ မိနစ်မှာ ကျောင်းဆင်းပါတယ်" ဟု ၎င်းက ပြောသည်။

အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ တာဝန်ခံ ကျောင်းအုပ် ဆရာမကြီးဒေါ်သီတာမြင့်က " ကျွန်မတို့ကျောင်းရဲ့ ကျောင်းအပ်ရာခိုင်နှုန်းက ၈၀ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ကျောင်းမအပ်ရသေးတဲ့ ကျောင်းသား ကျောင်းသူတွေအတွက်လည်း ဆက်လက်ပြီး ကျောင်းအပ် လက်ခံပေးနေပါတယ်။ ကျွန်မတို့ကျောင်းမှာ ကျောင်းသား ကျောင်းသူ စုစုပေါင်းပျမ်းမျှ ၇၉၉ ဦး ရှိပါတယ်။ လျာထားတဲ့ ကျောင်းသား ကျောင်းသူတွေထဲကနေ ၈၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ နောက်ထပ် ကျောင်းသား ကျောင်းသူ ဦးရေတိုးလာဖို့ရှိပါတယ်။ ကျွန်မတို့ကျောင်းရဲ့ ကျောင်းတက်၊ ကျောင်းဆင်းကတော့ တစ်ကြိမ်တည်းဖြစ်ပါတယ်။ နံနက် ၈ နာရီခွဲ ကျောင်းတက်ရပြီး ညနေ ၃နာရီခွဲမှာ ကျောင်းဆင်းရပါတယ်" ဟုပြောသည်။

ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းတက်နိုင်ရေးအတွက် ကျောင်းမဖွင့်မီကာလကပင် နိုင်ငံတော်အစိုးရနှင့်အတူ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ကျောင်းသားမိဘများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စနစ်တကျဖြစ်စေရန် ဆောင်ရွက်ခဲ့ပြီး စာသင်ခုံများ နေရာချထားခြင်း၊ ကျောင်းကြို/ပို့ယာဉ်များ စီစဉ်ထားခြင်း၊ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးကိုလည်း ကြိုတင်စီစဉ်ထားသည့်အတွက် ကျောင်းဖွင့်သည့်အခါတွင် အစစအရာရာ အဆင်ပြေချောမွေ့ခဲ့ကြောင်းလည်း သိရသည်။

အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) အလက(၃) ကျောင်းမှ ကျောင်းအုပ်ဆရာကြီးဦးဝင်းခိုင်က "ကျောင်းတွေဖွင့်နိုင်ဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်တားဆီးရေး နည်းလမ်းတွေ အတိုင်း ပြင်ဆင်ပါတယ်။ ကျောင်းအခန်းတွေကိုလည်း ကျောင်းသား ကျောင်းသူတွေ လွတ်လပ်ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ဖို့ ပြင်ဆင်ပါတယ်။ ကျောင်းဥပဓိရုပ်ကောင်းမွန်ဖို့ အတွက်လည်း ကျောင်းဆောင်တွေအားလုံး ဆေးသုတ်ပါတယ်။ စာရေးခုံတွေကိုလည်း အသစ်ဖြည့်ဆည်းပေးထားပါတယ်" ဟု ပြောသည်။

ကျောင်းတက်ရန် လာရောက်သည့် ကျောင်းသား ကျောင်းသူများ ကိုဗစ် - ၁၉ ရောဂါ မဖြစ်ပွားစေရန်နှင့် ကြိုတင်ကာကွယ်နိုင်ရန်အတွက် နိုင်ငံတော်က နှာခေါင်းစည်းများ၊ မျက်နှာအကာများ ထောက်ပံ့ပေးထားပြီး ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ကျ ဆရာ ဆရာမများကလည်း ကျောင်းသား ကျောင်းသူများအား ကျောင်းအတွင်းသို့ မဝင်မီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ လက်ဆေးဘေစင်များတွင် စနစ်တကျလက်ဆေးစေခြင်းများ ဆောင်ရွက်ပေးသည်ကိုလည်း တွေ့မြင်ရသည်။

ကျောင်းသား ကျောင်းသူများအား စာသင်ကြားပေးရာတွင် အထောက်အကူဖြစ်စေရန်အတွက် နိုင်ငံတော်က မေလအတွင်း မူလတန်းသင် ဆရာ ဆရာမများအားလုံးကို မွမ်းမံသင်တန်းများပေးခဲ့ပြီး ဧပြီလအတွင်းတွင် အလယ်တန်းနှင့်အထက်တန်းဆရာ ဆရာမများအားလုံးကို မွမ်းမံသင်တန်းများပေးခဲ့ကာ ကျောင်းအုပ်ကြီးများအားလုံးကိုလည်း စွမ်းရည်မြှင့်သင်တန်းများ ပေးခဲ့ကြောင်းလည်း သိရသည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်မှ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံများ၊ ဘောပင်များ၊ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းနှင့် မျက်နှာအကာများထောက်ပံ့ပေးပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်ရေးအတွက်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြုပြည်သူလူထု လုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း - ရဲကိုကို**

**ဓာတ်ပုံ - ကိုကိုအေး**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဇွန် ၂**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများအား ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ် သင်ကြားလျက်ရှိသည်။

ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများက ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း စည်းကမ်းများနှင့်အညီ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ပြီး ကျောင်းများလုံခြုံရေးနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

## လှိုင်သာယာမြို့နယ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြား

**ရန်ကုန် ဇွန် ၂**

ရန်ကုန်တိုင်း ဒေသကြီးတွင် အခြေခံပညာ ကျောင်းနှင့် ကျောင်းသား အများဆုံးတည်ရှိရာ လှိုင်သာယာမြို့နယ်၌ ကျောင်းဖွင့်ရာသီ ဇွန် ၁ ရက်မှစ၍ ကျောင်းသား ကျောင်းသူ ၁၀၀၀၀ ကျော် တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

လှိုင်သာယာ အရှေ့ပိုင်း မြို့နယ်တွင် မူလတန်း ၃၄၉၁ ဦး၊ အလယ်တန်း ၁၈၈၄ ဦးနှင့် အထက်တန်း ၃၈၂ ဦး စုစုပေါင်း ၅၇၅၇ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး လှိုင်သာယာ အနောက်ပိုင်းမြို့နယ်၌ မူလတန်း ၃၃၁၅ ဦး၊ အလယ်တန်း ၁၈၈၇ ဦးနှင့် အထက်တန်း ၅၄၄ ဦး စုစုပေါင်း ၅၇၃၇ ဦး တက်ရောက်သင်ကြားလျက်ရှိရာ မြို့နယ်တစ်ခုလုံးတွင် ကျောင်းသား ကျောင်းသူ ၂၂၂၀၂ ဦး အပ်နှံ၍ ၁၁၄၉၄ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။



"တစ်မြို့နယ်လုံး အတိုင်း အတာနဲ့ ကျောင်းအပ်ရာသီမှာ ၅၀ ရာခိုင်နှုန်းနီးပါး ကျောင်းအပ်တယ်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလမ်းညွှန်မှုအတိုင်း ကလေးတွေကို နှာခေါင်းစည်း၊ မျက်နှာအကာ၊ လက်သန့်ဆေးရည်၊ ဆပ်ပြာ ကျောင်းတိုင်းမှာထားပေးတယ်။ သင်ထောက်ကူပစ္စည်းဖြစ်တဲ့ ခဲတံ၊ ဗလာစာအုပ်၊ ပုံနှိပ်စာအုပ် အားလုံးအဆင်သင့်လုပ်ဆောင်ထားတယ်။ ကျောင်းအပ်ဦးရေထက် ကျောင်းတက်နှုန်းနည်းနေသေးပေမယ့် မနေ့ကထက်တော့တိုးလာပါပြီ"ဟု လှိုင်သာယာအရှေ့ပိုင်းမြို့နယ် ပညာရေးမှူး ဦးကျော်သိန်းထွန်းက ပြောသည်။

လှိုင်သာယာအရှေ့ပိုင်းမြို့နယ်တွင် အခြေခံပညာကျောင်း ၂၈ ကျောင်း၊ လှိုင်သာယာ အနောက်ပိုင်းမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၃၀ စုစုပေါင်း ၅၈ ကျောင်းရှိပြီး ယခုကျောင်းဖွင့်ရာသီတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများလည်း ဖွင့်လှစ်လျက်ရှိရာတစ်မြို့နယ်လုံး၌ ကျောင်းသား ကျောင်းသူ ၁၁၄၉၄ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်း-၁၆၄၊ ဓာတ်ပုံ - သစ္စာ**

# ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) စာဖြေဌာန၌ အစိုးရ ဓမ္မာစရိယစာမေးပွဲ ဖြေဆို

**ရန်ကုန် ဇွန် ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ် (၁၃၈၃ ခုနှစ်) အစိုးရ ဓမ္မာစရိယ စာမေးပွဲ ပထမနေ့ ပါရာဇိက ကဏ္ဍာပါဠိ+အဋ္ဌကထာ ဘာသာကို ဇွန် ၁ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) စာဖြေဌာနဖြစ်သည့် ကျောက်တော်ကြီးဘုရား ဝတ္တကမြေအတွင်းရှိ သီရိမင်္ဂလာ မဟာသာသနဗိမာန်တော်ကြီး၌ သံဃာတော် ၁၄၈ ပါး၊ သီလရှင်အပါး ၃၀ စုစုပေါင်း ၁၇၈ ပါး ဖြေဆိုတော်မူကြကြောင်းနှင့် ယင်းစာမေးပွဲများကို ဇွန် ၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ခရိုင်သာသနာရေးမှူးထံမှ သိရသည်။



**တက်ရောက်**

ဓမ္မာစရိယ စာမေးပွဲပထမနေ့ ဖြေဆိုရာသို့ မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ စာမေးပွဲကြီးကြပ် ဆရာတော်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်သာသနာရေးမှူးနှင့် မြို့နယ်သာသနာရေးမှူး၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ တက်ရောက်ခဲ့ကြပြီး မြို့နယ်ကြက်ခြေနီ အသင်းဥက္ကဋ္ဌနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြို့ကုန်းအရှေ့/အနောက်အုပ်ချုပ်ရေးအဖွဲ့များက စာဖြေ ရဟန်းသံဃာတော် သီလရှင်ဆရာလေးများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းများ ပေးဝေခြင်း စသည့်ကျန်းမာရေး စောင့်ရှောက်မှုတို့ကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

## ဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဇွန် ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (ဒုတိယနေ့) နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၉ ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၅၅၉၄ ပါးအနက် ၉၁၈၇ ပါး ဖြေဆိုကြသဖြင့် ၅၈ ဒသမ ၉၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ပေါက်ခေါင်းမြို့နယ် ကျေးလက်ရေရရှိရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပေါက်ခေါင်း ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျေးလက်ရေရရှိရေးလုပ်ငန်းများအား ဇွန် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

**ရာနှုန်းပြည့်ပြီးစီး**

ရှေးဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ရန်ပုံငွေဖြင့် ဟိန်းတေဇကုမ္ပဏီမှ ငွေကျပ်၃၄ဒသမ၆၆၀သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပုလှကျေးရွာ မြေသားရေကန်၊ ဇွဲကွင်းကျေးရွာ မြေသားရေကန်၊ ပုဇင်ကြယ်ကျေးရွာ အဝီစိတွင်းနက်တူးဖော်ခြင်းလုပ်ငန်းတို့ ရာနှုန်းပြည့် ပြီးစီးနေမှုနှင့် မင်းကမ္ဘာကို ကုမ္ပဏီမှတာဝန်ယူဆောင်ရွက်နေသော ဘော်ဒါကျေးရွာ အဝီစိစက်ရေတွင်း တွင်းနက်တူးဖော်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသော တာဝန်ခံကုမ္ပဏီ တာဝန်ရှိသူများအား လုပ်ငန်းများ အရည်အသွေးပြည့်မီရေးတို့ကို ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

ပေါက်ခေါင်းမြို့နယ်အတွင်း ရေရှားပါးမှု မဖြစ်ပေါ်စေရေးအတွက် ကျေးလက်ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ အကြောင်းအမျိုးမျိုးကြောင့် သောက်သုံးရေရှားပါးမှုဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က ပြောသည်။

သန်းထွန်းအောင် (ပြန်/ဆက်)

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ဆီဆိုင် ဇွန် ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်း ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၁၁၈ ဒသမ ၃၈၁ သန်းဖြင့် မီးသွေးကုန်း - ဖာလိုင်ကျေးရွာချင်းဆက် မြေသားလမ်းငါးမိုင်အား အမာခံ မြေလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေအား ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲလွင်ဦးနှင့် တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပိုမိုကောင်းမွန်စေမည်**

အဆိုပါ လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာ၊ အိမ်ခြေ ၁၁၂၀၊ လူဦးရေ ၅၆၂၂ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေမည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

■





ဆရာကြီး ကာတွန်းမောင်စိန်၏ နံ့ရံပေါ်မှ ရုပ်ပြောင်များ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

စာတည်း



တရုတ်ဒုတိယဝန်ကြီးချုပ် လီဟေး



အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဂျနက်ယီလန်

## အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**ဝါရှင်တန် ဇွန် ၂**

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဂျနက်ယီလန်နှင့် တရုတ်ဒုတိယဝန်ကြီးချုပ် လီဟေးတို့သည် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာကိစ္စရပ်များကို ယမန်နေ့က ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေးကြကြောင်း သိရသည်။

နှစ်နိုင်ငံဆိုင်ရာ ကိစ္စရပ်များ စဉ်ဆက်မပြတ် ဆွေးနွေးရန်အတွက် ဆက်သွယ်ရေးလိုင်းများကို ဖွင့်လှစ်ထားရန် ၎င်းတို့က သဘောတူညီကြသည်။

အမေရိကန်နိုင်ငံ၌ စီးပွားရေးပြန်လည်ဦးမော့လာစေရန် ဆောင်ရွက်မည့် စီစဉ်ထားရှိမှုများကို ယီလန်က ဆွေးနွေးပြောကြားသည်။ ထို့ပြင် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကိုလည်း ယီလန်က အလေးပေးပြောကြားကြောင်း သိရသည်။

နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးရန်အတွက် နှစ်နိုင်ငံဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းသွားရန် အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဂျနက်ယီလန်နှင့် တရုတ်ဒုတိယဝန်ကြီးချုပ် လီဟေးတို့က သဘောတူညီကြကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

## အစ္စရေးနိုင်ငံက အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်ရှိသူများအား လာမည့်တစ်ပတ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်

**ဂျေရုဆလင် ဇွန် ၂**

အစ္စရေးနိုင်ငံသည် အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို လာမည့်သီတင်းပတ်အတွင်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဇွန် ၂ ရက်တွင် အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အစ္စရေးနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများ၊ အသက် ၆၅ နှစ်အထက် အသက်အရွယ်ရှိသူများနှင့် နာတာရှည်ရောဂါဝေဒနာရှင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဦးစားပေးထိုးနှံပေးခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အစ္စရေးနိုင်ငံသည် အသက် ၁၆ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အစ္စရေးနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသုံးပြုခဲ့ပြီး လက်ရှိတွင် အစ္စရေးနိုင်ငံ၌ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၅ ဒသမ ၄၅ သန်းကျော်ရှိကြောင်းနှင့် အဆိုပါအရေအတွက်သည် အစ္စရေးနိုင်ငံ လူဦးရေ၏ ၅၈ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**



## CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အရေးပေါ်သုံးစွဲရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အတည်ပြု

**ဂျီနီဗာ ဇွန် ၂**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် တရုတ်နိုင်ငံ၏ Sinovac ဆေးဝါးကုမ္ပဏီထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ် သုံးစွဲရန် ယမန်နေ့က အတည်ပြုလိုက်သည်။

CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၏ ဘေးကင်းလုံခြုံမှု၊ ထိရောက်မှုနှင့် အရည်အသွေးကောင်းမွန်မှုများကို တွေ့ရှိခဲ့ပြီးနောက် အဆိုပါ ကာကွယ်ဆေးအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်သုံး ကာကွယ်ဆေးစာရင်းတွင် ထည့်သွင်းခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ် အက်ဒါနွမ်က ယမန်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

တစ်ချိန်တည်းမှာပင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေးရရှိရေးဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူးချုပ် မာရီယာအင်ဂျလာ ဆီမာအိုက ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလက်ခံရရှိမှု ကွာဟချက်ကို ကိုင်တွယ်ဖြေရှင်းရန် ကမ္ဘာကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အများအပြား လိုအပ်ကြောင်း ပြောကြားသည်။

သို့ဖြစ်ရာ ကာကွယ်ဆေး ထုတ်လုပ်ရေးကုမ္ပဏီများအနေဖြင့် COVAX အစီအစဉ်တွင် ပူးပေါင်းပါဝင်ကြပြီး ကာကွယ်ဆေးဆိုင်ရာ အတွေ့အကြုံနှင့် အချက်အလက်များအား ဖလှယ်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးတွင် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့အတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကိုလည်း အရေးပေါ်သုံးစွဲရန် ပြီးခဲ့သည့်မေလအစောပိုင်းက အတည်ပြုခဲ့သည်။

ထို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ အောက်စဖို့ဒ်နှင့် ဗြိတိန်-ဆွီဒင်ဆေးဝါးကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ အမေရိကန်ဆေးဝါးကုမ္ပဏီ Johnson & Johnson မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် အမေရိကန်၏ Moderna ဆေးဝါးကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကိုလည်း အရေးပေါ်သုံးစွဲရန် ယခင်က အတည်ပြုခဲ့ကြောင်း သိရသည်။

လက်တွေ့စမ်းသပ်ချက်များအရ Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်ရန် ရာနှုန်းပြည့် ထိရောက်မှုရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – ဂျေတီ**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယလှိုင်းအတွင်း ဆရာဝန် ၆၀၀ နီးပါး အသက်ဆုံးရှုံး

**နယူးဒေလီ ဇွန် ၂**

အိန္ဒိယနိုင်ငံ၌ ယခုနှစ် ဧပြီလမှ မေလအထိ ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဒုတိယလှိုင်းအတွင်း ဆရာဝန် ၅၉၄ ဦး သေဆုံးခဲ့ကြောင်း အိန္ဒိယဆေးပညာအဖွဲ့က ယနေ့ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ဒုတိယလှိုင်းအတွင်း နယူးဒေလီတွင် ဆရာဝန် ၁၀၇ ဦး သေဆုံးပြီး အိန္ဒိယနိုင်ငံတွင် ဆရာဝန်သေဆုံးမှု အများဆုံးဖြစ်သည်။

ထို့အတူ ဘီဟာပြည်နယ်တွင် ဆရာဝန် ၉၆ ဦးနှင့် ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင် ဆရာဝန် ၆၇ ဦး စသည်ဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် အသီးသီး သေဆုံးကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ဆရာဝန်ဦးရေ ၁ ဒသမ ၂ သန်းနီးပါးရှိသည့်အနက် ၃၅၀၀၀၀ တို့မှ အချက်အလက်များကိုသာ ရယူထားသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြင့် ဆရာဝန်သေဆုံးသူဦးရေသည် ထိုထက်ပိုမိုများပြားနိုင်ကြောင်း ဟိန္ဒူစတန်တိုင်းမ်သတင်းစာက ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် ယခုနှစ် ဧပြီနှင့် မေလအကြားတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လေးသိန်းကျော်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသလို ထိုရောဂါဖြင့် သေဆုံးသူ ၄၀၀၀ ကျော်ရှိခဲ့သည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- ဂျေတီ**

## လာအိုနိုင်ငံအတွင်းသို့ ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ပုံရိပ်ဖမ်းစက်ဖြင့် စစ်ဆေးမည်

**ဗီယင်ကျန်း ဇွန် ၂**

လာအိုနိုင်ငံအတွင်းသို့ ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ပုံရိပ်ဖမ်းစက်ဖြင့် စစ်ဆေးသွားမည်ဖြစ်ကြောင်း လာအိုနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနက ယနေ့ပြောကြားသည်။

အဆိုပါ ပုံရိပ်ဖမ်းစက်ဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမည့်သူများတွင် နိုင်ငံ၏ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် တာဝန်ထမ်းဆောင်နေသော ကျွမ်းကျင်ပညာရှင်များပါဝင်ကြောင်း သိရသည်။ နိုင်ငံရပ်ခြားမှ လာအိုနိုင်ငံသို့ ရောက်ရှိလာသည့်ခရီးသည်များတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုများတွေ့ရှိခဲ့ပြီးနောက် ယခုအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်သည်။

နိုင်ငံအတွင်းသို့ နယ်စပ်ဒေသကုန်းလမ်းခရီးမှ ဝင်ရောက်လာသူများနှင့် လေကြောင်းမှလာရောက်သူ ခရီးသည်များအား ရောဂါ ရှိ၊ မရှိ ကြပ်မတ် စစ်ဆေးသွားမည်ဖြစ်ကြောင်း လာအိုနိုင်ငံလူဝင်မှုကြီးကြပ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖက်ဒါဗောင် ကီယိုကန်ရာ၏ ပြောကြားချက်ကို ကိုးကားပြီး ဗီယင်ကျန်းတိုင်းမ်သတင်းစာက ဖော်ပြသည်။

လာအိုနိုင်ငံသားများအနေဖြင့် နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ရာတွင် တရားဝင်နယ်စပ်စစ်ဆေးရေးစခန်းများမှ ဝင်ရောက်ရန်လည်း တာဝန်ရှိသူများက ညွှန်ကြားထားသည်။

လာအိုနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်မှုများမရှိစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖက်ဒါဗောင် ကီယိုကန်ရာက ညွှန်ကြားထားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၉၃၄ ဦးရှိပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူ သုံးဦးရှိသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- စိုးသူရ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၂၁၆ သန်းကျော်ရှိ

**နယူးဒေလီ ဇွန် ၂**

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၂၁၆ သန်းကျော် ရှိပြီဖြစ်ကြောင်းနှင့် မေ ၃၁ ရက် တစ်ရက်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၇၈၀၀၅၈ လုံး အသုံးပြုခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီလအတွင်းက စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

သို့ရာတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပြတ်လပ်မှုများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုတွင် ပြည်တွင်းထုတ် Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Covaxin ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ ရုရှားနိုင်ငံထုတ် Sputnik-V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၂၇၈၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၈၃၀၇၈၃၂ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၂၀၇ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၃၅၁၀၂ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၁၇၉၃၆၄၅ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး ထုတ်ပြန်ချက်အရ သိရသည်။



**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**




# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ၁၂၆ ဦး ထပ်မံသေဆုံး

**ကွာလာလမ်ပူ ဇွန် ၂**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၂၆ ဦး ထပ်မံသေဆုံးရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့်သေဆုံးသူပေါင်း ၂၉၉၃ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါစတင်သည့်အချိန်မှစပြီး ယခုအချိန်အထိ နေ့စဉ် သေဆုံးမှုအရေအတွက် အများဆုံးဖြစ်သည်။

အဆိုပါသေဆုံးသူများသည် အသက် ၂၆ နှစ်မှ ၉၈ နှစ်အရွယ်များဖြစ်ပြီး အများစုသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများခံစားရကာ သေဆုံးခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နူးဟစ်ဟမ်အဗ်ဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၇၀၃ ဦးအား ထပ်မံစစ်ဆေးတွေ့ရှိရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၈၇၁၆၅ ဦးရှိလာပြီဖြစ်သည်။

ရောဂါထပ်မံစစ်ဆေးတွေ့ရှိသူများအနက် နှစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၇၇၀၁ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

သို့သော် လူနာ ၅၇၇၇ ဦးသည် ရောဂါမှ ပြန်လည်သက်သာလာပြီးဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၅၀၁၈၉၈ ဦး (၈၅ ဒသမ ၅ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၈၂၂၇၄ ဦးရှိပြီး ယင်းတို့အနက် ၈၇၈ ဦးသည် အထူးကြပ်မတ်ကုသဆောင်တွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူနေရပြီး ၄၄၁ ဦးသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၂၅၇ ဦး ထပ်မံတွေ့ရှိ

**မနီလာ ဇွန် ၂**

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၂၅၇ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၂၄၀၇၁၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၄၆ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၁၁၅၈ ဦးရှိလာသည်။

လူဦးရေ သန်း ၁၁၀ ကျော်ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေ ၁၂ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးစီးကြောင်း သိရသည်။ တရုတ်နိုင်ငံ Sinovac ကုမ္ပဏီမှ ထုတ်လုပ်သော ကာကွယ်ဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် အရေးပေါ်သုံးစွဲနိုင်သော ကာကွယ်ဆေးအဖြစ် သတ်မှတ်လိုက်ခြင်းသည် အပြုသဘောဆောင်သော ဆောင်ရွက်ချက်ဖြစ်ပြီး အစွမ်းထက်ထိရောက်သော ၎င်းကာကွယ်ဆေးကို ဖိလစ်ပိုင်နိုင်ငံအနေဖြင့်လည်း သုံးစွဲရန် ဝယ်ယူစုဆောင်းလျက်ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ အမျိုးသား ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေး စီမံချက်မှ အကြီးအကဲ ကာလစ်တိုဂယ်လ်ဘက်က ပြောကြားသည်။

နိုင်ငံအတွက် ကာကွယ်ဆေးများ ဝယ်ယူစုဆောင်းထားခြင်းဖြင့် သက်ကြီးရွယ်အိုများအပါအဝင် နိုင်ငံသားများအား ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကို အရှိန်မြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနက တရုတ်နိုင်ငံ Sinovac ကုမ္ပဏီမှ ထုတ်လုပ်သော CoronaVac ကာကွယ်ဆေးကို ဖိလစ်ပိုင်နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် ဖေဖော်ဝါရီလအတွင်းမှစပြီး ခွင့်ပြုသည်။ လက်ရှိအချိန်အထိ ကာကွယ်ဆေးအလုံးရေ ငါးသန်းကျော်ကို နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများနှင့် ရောဂါကူးစက်နိုင်ခြေမြင့်မားသူများအား ထိုးနှံပေးပြီးဖြစ်သည်။ နိုင်ငံအတွင်းရှိ လူဦးရေသန်း ၇၀ အား ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ဖိလစ်ပိုင်အစိုးရက ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# ဇမ်ဘီယာနိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးငါးမျိုးကို အသုံးပြုရန် အတည်ပြု

**လူဆာကာ ဇွန် ၂**

ဇမ်ဘီယာနိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို ကာကွယ်ရေးနှင့် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ငါးမျိုးကို အသုံးပြုရန် အတည်ပြုပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးငါးမျိုးမှာ Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ဖြစ်သည်။

ဇမ်ဘီယာနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဧပြီလမှစတင်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများအား ဦးစားပေးထိုးနှံပေးကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | |
| --- | --- |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၇၂၀၁၄၅၄၈ ဦး |
| သေဆုံးသူ | ၃၅၇၇၇၀၆ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၅၄၅၄၇၉၄၆ ဦး |

# မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇွန် ၂

မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်စီ ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အဏ္ဏဝါရွာနေ မမေဇင်နှင်းဝေ(ခ) ဇင်မာ(မိ)၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် (ဃ)ရပ်ကွက်နေ မျိုးမြင့်နိုင်(ခ)ကိုမျိုး(ခ)အငယ်လေး(မိ)၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့ မြို့သစ်(၂)ရပ်ကွက်နေ မထွေးထွေး (တိမ်းရှောင်) နှင့် ရှမ်းပြည်နယ် မူဆယ်မြို့နေ မစုမွန်(ခ)နွယ်နီ(တိမ်းရှောင်) တို့က စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့ မြို့သစ်(၂) ရပ်ကွက်နေ မxxx ၂၆ နှစ်ကို တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားရန် စီစဉ်ခဲ့မှုအား မူဆယ်မြို့မရဲစခန်းက (ပ)၇၃၂/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၃၁ ရက်တွင် တရားခံ မမေဇင်နှင်းဝေ (ခ)ဇင်မာနှင့် မျိုးမြင့်နိုင်(ခ)ကိုမျိုး(ခ)အငယ်လေးတို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်စီ ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံများကို တရားခံပြေး ကြေညာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ



နေပြည်တော် ဇွန် ၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်မှ ၃၀ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၂၁ ဒသမ ၀၂၁၈ တန်၊ သစ်မာ ၈ ဒသမ ၁၇၉၂ တန်၊ အခြား ၄၁ ဒသမ ၈၉၃၁ တန် စုစုပေါင်း ၇၁ ဒသမ ၀၉၄၁ တန်၊ ပြစ်မှုကျူးလွန်သူ ၂၆ ဦး၊ ယာဉ်/ယန္တရား ၁၂ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း(နေပြည်တော်)




## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် ရွာငံမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၆၉)ရပ်ကွက် ရာဇဓိရာဇ်လမ်းနေ လှမျိုး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ နှင့် အိုက်စ် သုည ဒသမ ၀၂၄ ကီလိုတို့ကိုလည်းကောင်း၊

အလားတူ ဇွန် ၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွာငံမြို့နယ် ရွာငံ-ဟံမြင့်မိုရ်သွားကားလမ်း ဒုတ္တိုးရေကျေးရွာအုပ်စု ယုံတောင်ကျေးရွာအနီးတွင် အောင်ဇော်ထူး မောင်းနှင်လာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်အတွင်းမှ ဘိန်းစိမ်း ၃၃ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



အောင်ဇော်ထူးအား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

## ဝိုင်းမော်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၊ သုံးဦးသေဆုံး

ဝိုင်းမော် ဇွန် ၂

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ (အထက)အနီး မြစ်ကြီးနား-ဝိုင်းမော်ကားလမ်းမပေါ်၌ ဇွန် ၁ ရက် နံနက်ပိုင်းတွင် ဝိုင်းမော်မှ မြစ်ကြီးနားသို့ ယာဉ်မောင်း ဦးစောဟန်ကျော် မောင်းနှင်လာသောယာဉ်သည် ရှေ့မှ ဒေါ်ဇယ်ညွယ်မောင်းနှင်သည့် ဆိုင်ကယ်အား ဝင်ရောက်တိုက်မိပြီး တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသားခုနစ်ဦး၊ အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၀ အနက် အမျိုးသမီးသုံးဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ကျန် ၁၇ ဦးတို့တွင် ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိရာ ဦးစောဟန်ကျော်အား ဝိုင်းမော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အောင်မျိုး



## အိမ်မဲမြို့၌ ဖုန်းအားသွင်းရာမှ အပူလွန်ကဲ၍ မီးလောင်



အိမ်မဲ ဇွန် ၂

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ချောင်းဝပိုင်းရပ်ကွက် (၄)လမ်းတွင် ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်က ဖုန်းအားသွင်းထားရာမှ အပူလွန်ကဲ၍ မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အိမ်မဲမြို့ ချောင်းဝပိုင်းရပ်ကွက် ဘုရင့်နောင်လမ်းနေ ဦးသိန်းဦး၏နေအိမ်၌ ဖုန်းအားသွင်းထားရာမှ အပူလွန်ကဲ၍ မီးလောင်ခဲ့ပြီး မီးသတ်ယာဉ်လေးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ်တစ်လုံးမီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။

အိမ်မဲ(ပြန်/ဆက်)

## မိတ္ထီလာမြို့နယ်၌ ဝိုင်ယာကြိုးအပူလွန်ကဲ၍ မီးလောင်

နေပြည်တော် ဇွန် ၂။ ။ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကံစွယ်ကျေးရွာနေ ဦးအုန်းရွှေ၏နေအိမ်သည် ဇွန် ၁ ရက်တွင် ဓာတ်တိုင်မှနေအိမ်သို့ သွယ်တန်းထားသည့် ဝိုင်ယာကြိုးအပူလွန်ကဲပြီး ထရံသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားရာ မိတ္ထီလာခရိုင်ရှိ မီးသတ်စခန်းများမှ မီးသတ်ယာဉ်ငါးစီးဖြင့် မီးငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ဦးအုန်းရွှေကို မိတ္ထီလာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အောင်မျိုး



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ ဇွန်လ ၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၃၂၁၈၂ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၉၅၄၇၀ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၄၆၅၉၄ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၆၉၄ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၃၈၅၈ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | ကွန်ဟိန်းမြို့နယ် | ၄၄ | ၄၅၇၅၀ | ၂၅၆၉၉ | ၁၅၅၂၂ | ၁၀၆ | ၂၆၅၈ |
| ၂ | မိုင်းရှူးမြို့နယ် | ၄၅ | ၅၂၄၄၄ | ၂၉၂၉၆ | ၁၇၀၁၆ | ၁၀၄ | ၂၀၆၀ |
| ၃ | မောက်မယ်မြို့နယ် | ၃၂ | ၂၂၂၀၃ | ၁၉၈၈၈ | ၁၄၅၀ | ၇၃ | ၁၅၅၀ |
| ၄ | မိုင်းပန်မြို့နယ် | ၂၆ | ၁၃၃၄၆ | ၁၇၄၉၉ | ၁၀၇၂ | ၂၄ | ၅၇၂ |
| ၅ | နမ္မတူမြို့နယ် | ၄၈ | ၃၃၆၅၈ | ၃၂၉၃၆ | ၂၅၇၂ | ၁၆၃ | ၂၇၃၆ |
| ၆ | နမ့်ဆန်မြို့နယ် | ၅၁ | ၄၀၃၈၈ | ၄၇၉၃၁ | ၄၀၇၇ | ၁၂၇ | ၂၅၄၆ |
| ၇ | မန်တုံမြို့နယ် | ၃၇ | ၂၄၃၉၃ | ၂၂၂၂၁ | ၄၈၈၅ | ၉၇ | ၁၇၃၆ |
| | စုစုပေါင်း | ၂၈၃ | ၂၃၂၁၈၂ | ၁၉၅၄၇၀ | ၄၆၅၉၄ | ၆၉၄ | ၁၃၈၅၈ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၂၈၃ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၄၃၉၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၀၆၄၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၂၃၇၄၄၊ မြေပြင်လက်ကျန် ၁၂၃၆၆၇ဖြစ်ကြောင်း တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၄၃၆ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၃၅၉ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကွန်ဟိန်းမြို့နယ် | ၄၄ | ၅၀၅၄၆ | ၂၂၀၇၈ | ၂၈၄၆၈ | ၂၈၆၀၃ | ၈၆ | ၂၂၁ |
| ၂ | မိုင်းရှူးမြို့နယ် | ၄၅ | ၅၇၀၁၅ | ၂၅၃၈၅ | ၃၁၆၃၀ | ၃၁၈၄၂ | ၈၂၂ | ၁၀၃၄ |
| ၃ | မောက်မယ်မြို့နယ် | ၃၂ | ၂၅၉၈၉ | ၁၈၃၈၁ | ၇၆၀၈ | ၇၅၂၄ | ၈၇ | ၃ |
| ၄ | မိုင်းပန်မြို့နယ် | ၂၆ | ၁၅၆၆၄ | ၁၁၂၃၉ | ၄၄၂၅ | ၄၄၂၆ | | ၁ |
| ၅ | နမ္မတူမြို့နယ် | ၄၈ | ၃၅၈၇၈ | ၂၄၃၈၉ | ၁၁၄၈၉ | ၁၁၃၉၈ | ၁၉၁ | ၁၀၀ |
| ၆ | နမ့်ဆန်မြို့နယ် | ၅၁ | ၅၁၀၀၀ | ၂၅၂၃၈ | ၂၅၇၆၂ | ၂၅၅၆၂ | ၂၀၀ | |
| ၇ | မန်တုံမြို့နယ် | ၃၇ | ၂၈၃၀၀ | ၁၃၉၃၈ | ၁၄၃၆၂ | ၁၄၃၁၂ | ၅၀ | |
| | စုစုပေါင်း | ၂၈၃ | ၂၆၄၃၉၂ | ၁၄၀၆၄၈ | ၁၂၃၇၄၄ | ၁၂၃၆၆၇ | ၁၄၃၆ | ၁၃၅၉ |

၆။ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၃၆၇၁၂ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၄၆၅၉၄ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ **“အခန်း(၆) မဲစာရင်းပြုစုခြင်း ”ပါ ပုဒ်မ ၁၅ (ဂ) တွင် “ မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ”**ဟု ပြဋ္ဌာန်းထားသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၆၉၄ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၁၃၈၅၈ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၁၄၁၃၃၀ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက် မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၁၄၀၆၄၈ စောင် ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၆၈၂ စောင် လျော့နည်းအသုံးပြုထားခြင်း၊

( ခ ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၁၄၃၆ စောင် ပျောက်ဆုံးနေခြင်း၊

*စာမျက်နှာ ၁၆ သို့* ☆



မိုင်းရှူးမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

❖ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၃၂၁၈၂ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၉၅၄၇၀ ဦးဖြစ်၊ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၄၆၅၉၄ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၆၉၄ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၃၈၅၈ ဦး ဖြစ်

❖ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ် ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၃၆၇၁၂ ဦး ပိုမိုများပြားနေ

❖ လွှတ်တော်ရွေးကောက်ပွဲဥပဒေ "အခန်း(၆) မဲစာရင်းပြုစုခြင်း "ပါ ပုဒ်မ ၁၅ (ဂ) တွင် " မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ"ဟု ပြဋ္ဌာန်းထားသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၆၉၄ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၁၃၈၅၈ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရ




မောက်မယ်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



မိုင်းပန်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

✰ စာမျက်နှာ ၁၅ မှ

(ဂ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၁၃၅၉ စောင် တွေ့ရှိရခြင်း၊

(ဃ) မဲဆန္ဒရှင်စာရင်းပုံစံ (၁) စာအုပ်တွင် ဆန္ဒမဲလာရောက်ပေးသည့် မဲဆန္ဒရှင်၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုး/ ရိုက်နှိပ်ထားခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် ထုတ်ပေး၍ မဲပေးခွင့်ပြုထားခြင်း၊

(င) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း၊

(စ) ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အချို့အနေဖြင့် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန် ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

(ဆ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

(ဇ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ဈ) COVID–19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများကောက်ခံ မဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၉။ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင် ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ယဉ်ကျေးလိမ္မာသင်တန်းများ ဒေသစုံဖွင့်လှစ်ပေးခြင်းဖြင့် လူမှုအသိုက်အဝန်းကောင်းများ ဖော်ဆောင်ကြပါစို့

မဟိဒ္ဓိ

ပြီးခဲ့သည့် မေလ ၁၀ ရက်နေ့က ဖျာပုံမြို့ အမှတ်(၁) ရပ်ကွက် မဟာပုညာရာမတိုက် (ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်) မဏ္ဍိရတနာတန်ဆောင်းတွင် ပြုလုပ်သည့် ယဉ်ကျေးလိမ္မာသင်တန်းသို့ စာရေးသူအစီအစဉ်မရှိဘဲ တက်ရောက်ဖြစ်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ဓမ္မစကူးလ်ကော်မတီ ဥက္ကဋ္ဌ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါသဝ အရှင်သူမြတ် (မင်္ဂလာသုခ သလိတ်ကြီးကျောင်းတိုက် ကျောင်းထိုင်ဆရာတော်)နှင့် ဖျာပုံမြို့ (မဟာပုညာရာမတိုက်) ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ (နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဟောင်း) (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ) ဘဒ္ဒန္တဝေပုလ္လ အရှင်သူမြတ်အပါအဝင် သင်တန်းဖြစ်မြောက်ရေး ဦးဆောင်စီမံ ကြီးကြပ်ပေးကြသည့် ဆရာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူသည်။

## လွန်စွာတန်ဖိုးကြီး

သာမန်အားဖြင့်ကြည့်လျှင် မူလတန်းအဆင့်ကလေးများလောက်သာ တက်ရောက်သည့် သင်တန်းမျိုးဟု ယူဆနိုင်ပြီး သင်တန်းကာလမှာလည်း ရက်သတ္တနှစ်ပတ်ခန့်သာ ကြာမြင့်မည်ဖြစ်ရာ အချို့သောလူတော်တော်များများက ယင်းသင်တန်းအပေါ် ပေ့ါပေ့ါတန်တန်ဟုသာ ယူဆနေပုံရသည်။ အချို့ကလည်း "ယဉ်ကျေးလိမ္မာသင်တန်းဆိုတော့ မယဉ်ကျေးတဲ့သူတွေ တက်ကြပေ့ါ၊ ငါတို့က ယဉ်ကျေးပြီးသားဆိုတော့ တက်စရာမလိုဘူး"ဟု ခပ်ငေါ့ငေါ့ကလေး ပြောကြပြန်သည်။ အချို့ကလည်း "ယဉ်ကျေးလိမ္မာသင်တန်းတက်ရအောင် ငါတို့က ကလေးမို့လို့လား" စသည်ဖြင့် ဝေဖန်ထိုးနှက်မှုတို့က အစုံစုံ။ မည်သို့ပင်ဆိုစေ စာရေးသူကတော့ အဆိုပါသင်တန်းသို့ တက်ရောက်ခွင့်ရခြင်းသည်ပင်လျှင် လွန်စွာတန်ဖိုးကြီးသည်ဟု ခံယူမိသည်။

တစ်ချိန်က မြန်မာတို့၏ ယဉ်ကျေးမှုအဆင့်အတန်းသည် အလွန်အားကောင်းခိုင်မာသော အခြေအနေနှင့် နှစ်ပေါင်းထောင်ချီ၍ ခံ့ခံ့ထည်ထည်ရှိခဲ့ရိုး မှန်ပါ၏။ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုအပေါ်၌ အသက်တမျှ ခုံမင်မြတ်နိုး တန်ဖိုးထားခဲ့ကြပါ၏။ သို့သော် ယနေ့ကာလတွင် ကိုရွှေမြန်မာအများစု မိမိတို့၏ ဘာသာ၊ သာသနာ၊ မိမိတို့၏ ယဉ်ကျေးမှု၊ မိမိတို့၏ဓလေ့ထုံးတမ်း၊ မိမိတို့၏ စာပေ၊ ကဗျာ၊ ဂီတ အနုသုခုမတို့ အပေါ် လိုက်နာကျင့်သုံးမှု၊ မြတ်နိုးတန်ဖိုးထားမှု၊ ကျေနပ်နှစ်သက်မှု လျော့နည်းပျက်ပြယ်စပြုလာနေသည်ကို တွေ့ရှိလာရသည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းက မိရိုးဖလာဗုဒ္ဓဘာသာဝင် တော်တော်များများ စည်းကျိုး၊ ဝါးကျိုးဖြင့် သိရှိခဲ့သည့် အခြေခံဘာသာရေး အယူအဆ၊ ယဉ်ကျေးမှုအယူအဆများကို စနစ်တကျ တည့်မတ်ပေးသကဲ့သို့ သိသင့်သိထိုက်သည့် ဒေသန္တရဗဟုသုတ၊ ဘာသန္တရဗဟုသုတများကိုလည်း အကျိုးရှိရှိ သင်ကြားမျှဝေပေးသည်။ တစ်နေ့တာအတွက် သင်တန်းစတင်ကတည်းက အလှည့်ကျကြွရောက်တော်မူသည့် ဆရာတော်အရှင်သူမြတ်များထံ ငါးပါးသီလခံယူ၍ ဩဝါဒကထာဖြင့် စတင်ဖွင့်လှစ်သည်။ ထို့ပြင် ကာယကံယဉ်ကျေးမှု၊ ဝစီကံယဉ်ကျေးမှု၊ မနောကံယဉ်ကျေးမှုမှသည် သံသရာတစ်ဖက်ကမ်းသို့ ထွက်လှမ်းနိုင်အောင် မျိုးစေ့ချပေးသည်။ မနက်လင်းကတည်းက **"မင်္ဂလာပါ"** ကောင်းကျိုးချမ်းသာပြည့်စုံပါစေ၊ တင့်တယ်စွာ သွားလာနိုင်ပါစေ၊ ချမ်းသာပျော်ရွှင်မှုကို ပေးတတ်ကြပါစေ၊ မကောင်းမှုကို ပယ်ဖျောက်နိုင်ကြပါစေ၊ ကာလ ဒေသ ပုဂ္ဂလနှင့် လျော်ကန်နိုင်ကြပါစေ၊ ကုသလကမ္မပထတရားများနှင့် နေနိုင်ကြပါစေ၊ ကံကောင်းခြင်း၊ အတိတ်ကောင်းခြင်း၊ ဟိတ်ကောင်းခြင်း၊ အလိုပြည့်ခြင်း၊ အောင်မြင်ခြင်း၊ ကြီးပွားချမ်းသာခြင်း၊ ကောင်းသော အခွင့်အခါ၌ ကြုံကြိုက်ခြင်း၊ ကောင်းသောအခြေအနေ၌ တည်ခြင်း၊ ကောင်းသောအခြင်းအရာနှင့် လျော်ညီခြင်းဟူသော သုဘာသိတဝါစာ၊ ပီယဝါစာဖြင့် တစ်ဦးနှင့်တစ်ဦး နှုတ်ခွန်းဆက်တတ်အောင်၊ ရှင်သန်သွားလာနိုင်အောင် သင်ကြားပေးသည်။ တစ်ဦး၏ အကျိုးစီးပွားဖြစ်ထွန်းမှုကို တစ်ဦးက ကျေနပ်နှစ်သက်လိုလား မုဒိတာပွားတတ်အောင် သင်ကြားပေးသည်။ သည်မျှလောက်ဆိုလျှင်ပင် အတော်အတန် တန်ဖိုးရှိနေပြီ မဟုတ်ပါလော။



- ❖ ယဉ်ကျေးလိမ္မာသင်တန်းက မိရိုးဖလာဗုဒ္ဓဘာသာဝင် တော်တော်များများ စည်းကျိုး၊ ဝါးကျိုးဖြင့် သိရှိခဲ့သည့် အခြေခံဘာသာရေး အယူအဆ၊ ယဉ်ကျေးမှုအယူအဆများကို စနစ်တကျ တည့်မတ်ပေးသကဲ့သို့ သိသင့်သိထိုက်သည့် ဒေသန္တရဗဟုသုတ၊ ဘာသန္တရဗဟုသုတများကိုလည်း အကျိုးရှိရှိ သင်ကြားမျှဝေပေး။
- ❖ ထို့ပြင် သင်တန်းဆရာ ဆရာမများက စာကိုသာမက စိတ်ကိုပါ သင်ကြားပေးလိုက်သည့်အတွက် လောကအမူအရာ၊ လူ့အမူအရာ၊ လောကသဘာဝ၊ လူ့သဘာဝတရားများ ရရှိသည့်အပြင် နှလုံးသားလိမ္မာသော၊ နှလုံးသားနူးညံ့သော၊ ကုသလကမ္မပထတရား၊ အနဝဇ္ဇာနိ ကမ္မာနိမင်္ဂလာဖြင့် အပြစ်ကင်းစွာနေထိုင်နိုင်သော လူမျိုးများအဖြစ် ရပ်တည်ရှင်သန်လာနိုင်။

## အကျိုးတရားများ ရရှိ

စာရေးသူတို့ ရွတ်ဆိုလေ့ရှိသည့် ဩကာသကန်တော့ချိုး၏ အနက်အဓိပ္ပာယ်၊ ကံသုံးပါး၏ အနက်အဓိပ္ပာယ်မှ အစပြုကာ သရဏဂုံသုံးပါး၊ ရတနာမြတ်သုံးပါး၊ ပဉ္စသီလ၊ နမောတဿ၊ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုး ငါးပါး၊ ဝိပ္ပလ္လာသ တရား လေးပါး၊ ဗျသနတရား ငါးပါး၊ ဘုရားဂုဏ်တော် ကိုးပါး၊ တရားဂုဏ်တော် ခြောက်ပါး၊ သံဃာ့ဂုဏ်တော် ကိုးပါးအပါအဝင် အခြေခံသာသနာရေးဆိုင်ရာ အဆုံးအမများ သင်ကြားသိရှိခွင့် ရရှိပါသည်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ ခုနစ်နေ့ဘုရားရှိခိုး၊ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ၊ သတ္တဋ္ဌာန(၇)ဋ္ဌာန၊ ပါဠိရေးနည်း၊ ဖတ်နည်း၊ မဟာဗုဒ္ဓဝင်၊ ဂုဏ်တော်အစရှိသည့် ဘာသာရေးနှင့် ယဉ်ကျေးမှုအရင်းအမြစ်များ သင်ယူဆည်းပူးခွင့်ရရှိသည့်အတွက် လက်တလောအကျိုးကျေးဇူးအနေဖြင့် မေ့လျော့နေသည့် နိစ္စပါတ်ကုသိုလ်တရားများ ပြန်လည်ပွားများဆောင်ရွက် ဖြစ်လာသည်။ ထို့ပြင် သင်တန်း ဆရာ ဆရာမများက စာကိုသာမက စိတ်ကိုပါ သင်ကြားပေးလိုက်သည့်အတွက် လောကအမူအရာ၊ လူ့အမူအရာ၊ လောကသဘာဝ၊ လူ့သဘာဝတရားများ ရရှိသည့်အပြင် နှလုံးသားလိမ္မာသော၊ နှလုံးသားနူးညံ့သော၊ ကုသလကမ္မပထတရား၊ အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာဖြင့် အပြစ်ကင်းစွာနေထိုင်နိုင်သော လူမျိုးများအဖြစ် ရပ်တည်ရှင်သန်လာနိုင်စေသော အကျိုးတရားများ ရရှိပါသည်။

ထို့ပြင် လူမှုဝန်းကျင်ပြောဆိုပေါင်းသင်းဆက်ဆံခြင်းတွင်လည်း မင်္ဂလာတရားတော်နှင့်အညီ ပြောဆိုနေထိုင်တတ်ရေး ယင်းသင်တန်းကပင် သင်ကြားပေးသည်။ အတ္ထလက်ခဏာ-အနက်အဓိပ္ပာယ်အားဖြင့် ပြောဆိုတတ်သော၊ သဒ္ဒါလက်ခဏာ- သဒ္ဒါစည်းကမ်းနှင့်အညီ ပြောဆိုတတ်သော၊ ဝစနာလက်ခဏာ- စကားတန်ဆာနှင့် ပြောဆိုတတ်သော၊ သောတာလက်ခဏာ-တစ်ဖက်သား နားအကြည်ဓာတ် နားချမ်းသာအောင် ပြောဆိုတတ်သော၊ သုဘာသိတဝါစာ- ကောင်းစွာပြောဆိုတတ်သော၊ ပီယဝါစာ-ချစ်ဖွယ်ရှိအောင်ပြောဆိုတတ်သော၊ ဓမ္မဝါစာ-တရားနှင့်ယှဉ်၍ ပြောဆိုနေထိုင်သွားလာတတ်သော လူမျိုးများဖြစ်အောင် သင်ကြားပေးမှုကိုလည်း ကောင်းစွာဆည်းပူးခွင့်ရရှိပါသည်။

ယနေ့ ကမ္ဘာ့ဘာသာရေးအခြေအနေကို လေ့လာကြည့်လျှင် ယေဘုယျအားဖြင့် ကမ္ဘာ့လူဦးရေသန်းပေါင်း ၇၀၀၀ ကျော်ခန့်ရှိသည်ဟု သိရှိရပါသည်။ ၎င်းအနက် ခရစ်ယာန်ဘာသာဝင်ဦးရေသန်း ၂၀၀၀ ခန့် (၃၃ ရာခိုင်နှုန်း)၊ အစ္စလာမ်ဘာသာဝင်ဦးရေ သန်းပေါင်း ၁၃၀၀ ခန့် (၂၂ ရာခိုင်နှုန်း)၊ ဟိန္ဒူဘာသာဝင်ဦးရေ သန်းပေါင်း ၉၀၀ ခန့် (၁၅ ရာခိုင်နှုန်း)နှင့် ဗုဒ္ဓဘာသာဝင် ဦးရေ သန်းပေါင်း ၃၆၀ ခန့် (ခြောက်ရာခိုင်နှုန်းခန့်) သာရှိရာ ဗုဒ္ဓဘာသာဝင်ဦးရေ လွန်စွာနည်းပါးနေသည်ကို အားမရဖွယ် တွေ့ရှိနေရပါသည်။ ထို့ကြောင့် မီးခဲပြာဖုံးဖြစ်နေသော မိမိတို့၏ ဘာသာ၊ သာသနာ မတိမ်ကောစေရေးနှင့် အမှန်တကယ် သက်ဝင်ယုံကြည်သည့် ဘာသာဝင်များ တစ်နေ့တခြားတိုးပွားလာစေရေးအတွက် အရေးတကြီး လိုအပ်လျက်ရှိရာ သံဃာတော်အရှင်သူမြတ်များ၊ နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာများအပါအဝင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်သင့်လှပါသည်။ ထို့ပြင် အခြေခံပညာ သို့မဟုတ် အဆင့်မြင့်ပညာသင်ရိုးညွှန်းတမ်းများတွင်လည်း သင့်တင့်မျှတစွာ ထည့်သွင်းပြဋ္ဌာန်းပေးစေချင်ပါကြောင်း အလျဉ်းသင့်၍ တိုက်တွန်းချင်ပါသည်။

## ဘာသာယဉ်ကျေးမှုအပေါ် အလေးဂရုပြု

စာရေးသူတို့ ဘိုးဘွားမိဘများက အလွန်တန်ဖိုးကြီးသည့် ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုအမွေအနှစ်ထုပ်ကို နှစ်ပေါင်းနှစ်ထောင်ကျော် မပျောက်ပျက်အောင် ထိန်းသိမ်းတာဝန်ကျေခဲ့ကြပါ၏။ တစ်ဖန် ဘိုးဘွားမိဘများမှသည် အနာဂတ်လူငယ်များ၏ လက်ထဲသို့ ထိုအမွေအနှစ်ထုပ်ကို နှုတ်ဆင့်ကမ်း၊ လက်ဆင့်ကမ်း၊ ပခုံးထမ်းပြောင်းရန်ကြည့်သည့်အခါ ယနေ့ခေတ် လူငယ်လူရွယ်တော်တော်များများ၏ နှလုံးသားများမာကြောနေသည်ကို တွေ့ကြရပါသည်။ (ဤနေရာတွင် စကားချပ်အားဖြင့် ယနေ့လူမှုကွန်ရက်ပေါ် အနည်းငယ်လေ့လာကြည့်ရုံမျှနှင့်ပင် မြန်မာအများစု၏ မိမိဘာသာ သာသနာ အဆုံးအမအပေါ် ပေ့ါလျော့နေမှု၊ ယဉ်ကျေးမှုစည်းရိုး ပျက်ကျိုးယိုင်နဲ့လာအောင် လုပ်ဆောင်နေမှုများ တွေ့ရှိသိမြင်နေကြရမည် ဖြစ်ပါသည်။) ဦးနှောက်တံခါးများသာဖွင့်ပြီး နှလုံးသားတံခါးများ ပိတ်ထားကြသည့်အခါ စာနာစရာရှိသော်လည်း မစာနာတတ်၊ ခံစားစရာရှိသော်လည်း မခံစားတတ်ဖြစ်ကာ တစ်ဖက်စွန်းရောက် ဖွံ့ဖြိုးနေသော လူငယ်လူရွယ်များ ဖြစ်သွားမည်ကို စာရေးသူတို့ စိုးရိမ်မိရပြန်ပါသည်။ ထိုသို့ ကောင်းသော လူ့အဖွဲ့အစည်းက မလိုလားသည့် လူတစ်ဦးတစ်ယောက်မဖြစ်အောင် စာရေးသူအပါအဝင် အားလုံးက ဘာသာယဉ်ကျေးမှုအပေါ် အလေးဂရုပြုကြရပါမည်။ ဘာသာရေး၊ စာပေအပါအဝင် စာကောင်းပေမွန်များ ဖတ်ရှုလေ့လာလိုက်နာကျင့်သုံးကြရပါလိမ့်မည်။ သို့အတွက် စာကြည့်တိုက်၊ ယဉ်ကျေးလိမ္မာသင်တန်းနှင့် သံဃာတော်အရှင်သူမြတ်များအစရှိသည့် ပုဂ္ဂလ၊ ဌာနအသီးသီးကလည်း အထောက်အကူပြုနိုင်ပါလိမ့်မည်။

စာမျက်နှာ ၁၈ သို့ ■

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းသို့ စာအုပ်များ ပေးအပ်လှူဒါန်း



**ရန်ကုန် ဇွန် ၂**

မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းသို့ ဦးဝိလာသ (စာရေးဆရာ၊ ကဗျာဆရာ ဝေမိုး-ကျွန်းလှ)က စာအုပ်များလှူဒါန်းသည့်အခမ်းအနားကို ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီက အဆိုပါဖောင်ဒေးရှင်းရုံးခန်းမ၌ ကျင်းပရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေ (စာရေးဆရာ မောင်ဆွေသက်)၊ ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (စာရေးဆရာ၊ ကဗျာဆရာမြင်းမူ မောင်နိုင်မိုး)၊ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်ဦးဝိလာသ(စာရေးဆရာ၊ ကဗျာဆရာ ဝေမိုး-ကျွန်းလှ)က ဓမ္မဂုဏ်ရည်စာပေဆုရစာအုပ်များဖြစ်သည့် ပန်းမြိုင်လယ်စိန်ဝင်းရေးသားသော လူသားနှင့်မူးယစ်ဆေးစာအုပ် ၆၁၄ အုပ်၊ အရှင်ရေဝတ(သရက်ကောင်း) ရေးသားသောဘာ့ကြောင့် ဗုဒ္ဓဘာသာနိုင်ငံတွေ ကွယ်ပျောက်ခဲ့ရသလဲ စာအုပ် ၂၃၂ အုပ် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀ ခန့်တန်ဖိုးရှိ စာအုပ်များကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဆက်ကပ်ပေးအပ်သည်။

မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖောင်ဒေးရှင်းများဖွဲ့စည်းထားရှိပြီး ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တတ်နိုင်သည့်ဘက်မှ ကြိုးပမ်းကူညီဆောင်ရွက်လျက်ရှိကြောင်းနှင့် စာအုပ်များလှူဒါန်းလိုပါက ဖုန်း ၀၉၄၂၀၇၀၀၃၂၆ နှင့် ၀၉၉၇၃၆၅၃၆၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်



**ကျောက်တံခါး ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောင်းစိုးကျေးရွာအုပ်စု ကင်မွန်းခြံကျေးရွာမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေးတို့အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာချက်သင်တန်းဖွင့်ပွဲအခမ်းအနားကို အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ (ဒုတိယညွှန်ကြားရေးမှူး) က တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်(လက်ထောက်ညွှန်ကြားရေးမှူး) က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကို ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

■ စာမျက်နှာ ၁၇ မှ

အချုပ်အားဖြင့်ဆိုရပါမူ စာရေးသူတို့တွင် ရှိပြီးသားယဉ်ကျေးမှုအပေါ် မျက်ကွယ်ပြု၍ ယဉ်ကျေးမှုအသစ်များ၏ တံခါးလာခေါက်မှု၊ သွေးတိုးစမ်းနေမှုကို ပြတ်ပြတ်သားသား ခုခံကာကွယ်ကြရပါလိမ့်မည်။ ထိုသို့ဆိုသဖြင့် သျှောင်ဆံထုံးထုံး၍ ထိုးကွင်းဒူးကျဖြင့် နေဖို့မဆိုလိုပါ။ အလားတူ ရက်ကန်းကျ ထဘီကြမ်းဖြင့် နေဖို့မဆိုလိုပါ။ သမိုင်းမ,အအောင်၊ ယဉ်ကျေးမှု မ,အအောင်၊ အနုပညာ မ,အအောင် ခေတ်နှင့်အညီ သင့်တော်သလောက် လိုက်ပါပြောင်းလဲကြရသည်ဆိုသည်ကို စာရေးသူတို့အားလုံး လက်ခံနိုင်ကြပါသည်။ စာရေးသူတို့၏ အမျိုးသားရေး ဇာတိဥပဓိမပျောက်ပျက်အောင် ထိန်းသိမ်းဖို့ အားလုံးမှာ တာဝန်ရှိကြပါသည်။

**မြို့ရောတောပါမကျန် ပြန့်ပွားဖွင့်လှစ်**

ယခုပြုလုပ်ပေးခဲ့သည့် ယဉ်ကျေးလိမ္မာသင်တန်းတစ်ခုတည်းနှင့်ပင် ရပ်တန့်မသွားရန် လိုသလို ပွဲပြီးမီးသေလို့လည်း မဖြစ်သေးချေ။ ယခုသင်တန်းက ရရှိလိုက်သည့် ပညာဆီမီးကို တစ်ယောက်ကနေ တစ်ရာအထိ လင်းလက်လာအောင် ဝိုင်းဝန်းထွန်းညှိပေးကြရမည် ဖြစ်ပါသည်။ ယခုကဲ့သို့ သို့တည်းမဟုတ် ယခုထက်သာလွန်သော ယဉ်ကျေးလိမ္မာသင်တန်းများ မြန်မာနိုင်ငံတစ်နံတစ်လျား မြို့ရောတောပါမကျန် အချိန်မီအခါမီ အလျင်အမြန် ပြန့်ပွားဖွင့်လှစ်ပေးစေချင်မိပါ၏။ သင်ကြားချိန်၊ သင်ယူချိန်လည်း ယခုထက်ပိုမိုရရှိစေချင်မိပါ၏။

စာရေးသူတို့အပါအဝင် လူငယ်လူရွယ်ညီအစ်ကိုမောင်နှမအားလုံးသည် ယဉ်ကျေးလိမ္မာသင်တန်းမှ အစပြု၍ ဦးနှောက်တံခါးများ ဖွင့်ထားနိုင်ကြသကဲ့သို့ စာနာနားလည်မှုအပြည့်ရှိသော နှလုံးသားတံခါးများလည်း ဖွင့်ထားနိုင်ကြပါစေ၊ ရှိပြီးသားကျင့်ဝတ်သီလများလည်း စောင့်ထိန်းနိုင်ကြပါစေ၊ ဉာဏ်ပညာဖြင့် ထိုးထွင်းသိမြင်ဆင်ခြင်တတ်သော စိတ်ခွန်အားများလည်း ပိုင်ဆိုင်ရရှိကြပါစေ၊ ဘာသာ၊ သာသနာ၊ စာပေ၊ သဘင်၊ ဂီတ၊ အနုသုခုမကို ရွတ်ခါမတ္တ၊ ဖတ်ခါမတ္တ၊ သင်ကြားခါမတ္တ၊ သီဆိုခါမတ္တ မဟုတ်မူဘဲ ခံစားတန်ဖိုးထားတတ်သော လူမျိုးများဖြစ်နိုင်ကြပါစေ၊ အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်တတ်သော ရင့်ကျက်သောစိတ်ဖြင့် ပညာပြည့်ဝနှလုံးလှကြပါစေ၊ ဒါန၊ သီလ၊ ဘာဝနာတရားများ အချိုးကျကျင့်သုံး၍ ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးဖြင့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်အပေါ် ကောင်းမြတ်စွာတည်ဆောက်နိုင်ကြပါစေဟု မေတ္တာဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

☆ **ကျောဖုံးမှ**

ကုသဆောင်ရွက်ရာတွင် ကျွမ်းကျင်ဆရာဝန်များက နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ တစ်ကြိမ် အထွေထွေရောဂါများ၊ သွားဘက်ဆိုင်ရာရောဂါများအား အဓိကထား၍ ကုသဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အရေးပေါ်လူနာများအား ၂၄ နာရီ အချိန်ပြည့်ကြည့်ရှုကုသ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

◆ **အာဆီယံဆူဇူကီးဖလားမှ**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ပြန်လည်ပြုလုပ်မည်ဖြစ်ပြီး အသင်းပေါင်း ၁၀ သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ၂၀၁၈ ပြိုင်ပွဲပုံစံအတိုင်း ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါအပေါ် မူတည်၍ ပြိုင်ပွဲကျင်းပမည့်ပုံစံ အတည်ပြုသွားမည်ဖြစ်သည်။

နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၈ ပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံ သီးခြားရွေးချယ်ခြင်းမရှိဘဲ အုပ်စုပွဲများတွင် ပြိုင်ပွဲဝင်အသင်းအနေဖြင့် အုပ်စုလေးပွဲအား အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယခုနှစ်ပြိုင်ပွဲတွင် ကပ်ရောဂါကြောင့် ယင်းပုံစံအတိုင်း မကျင်းပနိုင်ပါက အိမ်ရှင်နိုင်ငံ သီးခြားရွေးချယ်၍ ပြုလုပ်သွားဖွယ်ရှိနေသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ပြိုင်ပွဲကျင်းပမည့်ပုံစံကို အုပ်စုမဲခွဲမည့်ရက်တွင် အတည်ပြုသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုကြီးကြီးမားမားရယူနိုင်ခြင်းမရှိသေးဘဲ ၂၀၀၄ နှင့် ၂၀၁၆ ပြိုင်ပွဲနှစ်ကြိမ်သာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ပြီး ကျန်အကြိမ်များတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ယင်းပြိုင်ပွဲကို ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၁၂ ကြိမ် ကျင်းပထားပြီးဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် ၁၂ ကြိမ်တွင် ထိုင်းအသင်းက ချန်ပီယံဆုငါးကြိမ်၊ စင်ကာပူအသင်းက ချန်ပီယံဆု လေးကြိမ်၊ ဗီယက်နမ်အသင်းက ချန်ပီယံဆု နှစ်ကြိမ်၊ မလေးရှားအသင်းက ချန်ပီယံဆုတစ်ကြိမ် ရရှိထားသည်။ မြန်မာအသင်းသည် ယခုနှစ်အတွင်း အဓိကပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လက်ရှိတွင် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများ ယှဉ်ပြိုင်နေရသလို နှစ်ကုန်ပိုင်းတွင်လည်း အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၈ ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီး ဗီယက်နမ်အသင်းက ချန်ပီယံဆုရရှိခဲ့သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - AFF**

# ဇွန် ၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၇၂ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁-၆-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂-၆-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၅၉၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၇၂)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၂၅,၀၂၀)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၈၂၃)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၂၈)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း(၁၃၂,၃၈၈)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၁၈) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၆၀၇) ခု | (၁၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၀) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂၂၇) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၂၄) ခု | (၃၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၂၁) ခု | (၂၁) ဦး |
| စုစုပေါင်း | (၁,၅၉၁) ခု | (၇၂) ဦး |

## အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျောင်းသား/ကျောင်းသူများ၊ မိဘများနှင့် ဆရာများ အထူးသတိပြုလိုက်နာရမည့် အချက် (၆) ချက်

(၁) ကျောင်းသား/ ကျောင်းသူကိုယ်တိုင်ဖြစ်စေ၊ အတူနေမိသားစုဝင်တစ်ဦးဦးဖြစ်စေ နေမကောင်းဖြစ်ခြင်း (ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် COVID-19 ရောဂါသံသယ လက္ခဏာများ) ရှိလျှင်သော်လည်းကောင်း၊ လွန်ခဲ့သည့် (၁၄)ရက်အတွင်း COVID-19 ရောဂါ အတည်ပြုလူနာတစ်ဦးဦးနှင့် နီးကပ်စွာထိတွေ့ခဲ့မှု (Primary Contact) ရှိခဲ့လျှင်သော်လည်းကောင်း ကျောင်းသို့စေလွှတ်ခြင်း လုံးဝမပြုပါနှင့်။ သက်ဆိုင်ရာကျောင်းသို့ ချက်ချင်းခွင့်တိုင်ပါ။ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပါ။

(၂) ကျောင်းသို့လာစဉ်၊ ကျောင်းတွင်ရှိနေစဉ်နှင့် ကျောင်းမှအိမ်သို့ ပြန်ချိန်များတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) နှင့် မျက်နှာကာ (Face shield) များ စနစ်တကျ တပ်ဆင်စေရန်နှင့် တပ်ဆင်ထားခြင်း မရှိပါက ကျောင်းအတွင်း လုံးဝ ပေးမဝင်ပါနှင့်။

(၃) တစ်ကိုယ်ရေသုံး အသုံးအဆောင်ပစ္စည်းများ (ဥပမာ- စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည်) ကို တစ်ဦးနှင့်တစ်ဦး မျှဝေသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။

(၄) လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့် ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောစေပါ။

(၅) တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆) ပေ ကွာခြား၍ ခပ်ခွာခွာနေထိုင်ပါ။ နီးနီးကပ်ကပ်နေခြင်း လုံးဝမပြုလုပ်ပါနှင့်။ အချင်းချင်း သတိပေးပါ။

(၆) နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့် နှာခေါင်းကို စနစ်တကျ ဖုံးအုပ်ပါ။ တစ်ရှူး အသုံးပြုပါက အဖုံးပါသော အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျ ပြန်ဆေးပါ။

ကျန်းမာပျော်ရွှင်ပညာသင်၊ ကြိုတင်တားဆီး ကိုဗစ်နိုင်တီး (COVID-19)




## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၈၃၁၇၇၃ | ၁၆၈၀၅၀၁ | ၅၀၉၀၈ |
| ၂။ | ဖိလစ်ပိုင် | ၁၂၄၀၇၁၆ | ၁၁၆၇၄၂၆ | ၂၁၁၅၈ |
| ၃။ | မလေးရှား | ၅၈၇၁၆၅ | ၅၀၁၈၉၈ | ၂၉၉၃ |
| ၄။ | ထိုင်း | ၁၆၅၄၆၂ | ၁၁၄၅၇၈ | ၁၁၀၇ |
| ၅။ | မြန်မာ | ၁၄၃၈၂၃ | ၁၃၂၃၈၈ | ၃၂၁၈ |
| ၆။ | စင်ကာပူ | ၆၂၁၀၀ | ၆၁၄၈၁ | ၃၃ |
| ၇။ | ကမ္ဘောဒီးယား | ၃၁၄၆၀ | ၂၄၀၄၂ | ၂၃၀ |
| ၈။ | ဗီယက်နမ် | ၇၈၁၃ | ၃၀၈၅ | ၄၉ |
| ၉။ | လာအို | ၁၉၃၄ | ၁၅၉၉ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၄၄ | ၂၃၁ | ၃ |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၁၃၆၇၉၉ | ၂၇၉၄၀၉၁၈ | ၆၁၀၄၃၈ |
| ၂။ | အိန္ဒိယ | ၂၈၃၀၇၈၃၂ | ၂၆၁၇၉၀၈၅ | ၃၃၅၁၁၄ |
| ၃။ | ဘရာဇီး | ၁၆၆၂၅၅၇၂ | ၁၅၀၆၈၁၄၆ | ၄၆၅၃၁၂ |
| ၄။ | ပြင်သစ် | ၅၆၇၇၁၇၂ | ၅၃၅၃၆၃၈ | ၁၀၉၆၆၂ |
| ၅။ | တူရကီ | ၅၂၅၆၅၁၆ | ၅၁၂၄၀၈၁ | ၄၇၆၅၆ |
| ၆။ | ရုရှား | ၅၀၉၀၂၄၉ | ၄၇၀၂၅၉၉ | ၁၂၂၆၇ |
| ၇။ | ဗြိတိန် | ၄၄၉၀၄၃၈ | ၄၂၉၁၄၈၇ | ၁၂၇၇၈၂ |
| ၈။ | အီတလီ | ၄၂၂၀၃၀၄ | ၃၈၆၈၃၃၂ | ၁၂၆၂၂၁ |
| ၉။ | အာဂျင်တီးနား | ၃၈၁၇၁၃၉ | ၃၃၈၁၃၃၇ | ၇၈၇၃၃ |
| ၁၀။ | ဂျာမနီ | ၃၆၉၂၉၀၈ | ၃၅၀၉၆၀၀ | ၈၉၃၁၆ |

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့
မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ဂျပန်နိုင်ငံ)

မေမြန်မာ

**နိဒါန်း**

ဂျပန်နိုင်ငံ၏အမည်ကို ဖော်ကျူးထားသောစကားလုံးများမှာ "နေမှဆင်းသက်လာသော တိုင်းပြည်"ဟု အဓိပ္ပာယ်ရပြီး လူဦးရေ ၁၂၈ သန်းခန့်ရှိ၍ ကမ္ဘာပေါ်တွင် ဒသမမြောက် လူဦးရေအများဆုံး နိုင်ငံဖြစ်ပါသည်။

ဂျပန်နိုင်ငံ၏လွှတ်တော်ရေးရာနိုင်ငံရေးစနစ်မှာ ဗြိတိန်နိုင်ငံတွင် ကျင့်သုံးသည့်စနစ်နှင့် လွန်စွာနီးစပ်မှုရှိပြီး အောက်လွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့အနက်မှတစ်ဦးအား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်အဆိုပြုနိုင်သည်။ ဝန်ကြီးချုပ်မှာ အများအားဖြင့် အနိုင်ရပါတီ၏ ခေါင်းဆောင်ဖြစ်ပြီး အစိုးရအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူကာ ၎င်းနှင့်နိုင်ငံရေး မူဝါဒတူသူများဖြင့် အစိုးရအဖွဲ့ကို ဖွဲ့စည်းသည်။ ဘုရင်အကီဟီတိုသည် ဂျပန်နိုင်ငံ၏ ဦးသျှောင်ဖြစ်ပြီး ၁၉၄၇ ခုနှစ်တွင် ရေးသားခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်နှင့် ပြည်သူလူထု၏ စည်းလုံးညီညွတ်မှု အမှတ်အသား လည်း ဖြစ်သည်။

**လွှတ်တော်များနှင့် ဥပဒေပြုရေး**

ဂျပန်နိုင်ငံတွင် Shugi-in သို့မဟုတ် House of Representatives ဟုခေါ်သည့် အောက်လွှတ်တော်နှင့် Sangi-in သို့မဟုတ် House of Councilors ဟုခေါ်သည့် အထက်လွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိသည်။ လွှတ်တော်နှစ်ရပ်အနက် အောက်လွှတ်တော်တွင် ပိုမိုအာဏာရှိသည်။ ဥပမာအားဖြင့် အောက်လွှတ်တော်တွင် ဆွေးနွေးအတည်ပြုပြီးသော ဥပဒေကြမ်းတစ်ရပ်အား အထက်လွှတ်တော်က ပယ်ချခဲ့လျှင် အောက်လွှတ်တော်၌ ဆန္ဒမဲ သုံးပုံ နှစ်ပုံဖြင့် ထပ်မံမဲခွဲအတည်ပြုနိုင်ပါက ယင်းဥပဒေကြမ်းအား အတည်ပြုနိုင်သည်။

အောက်လွှတ်တော်နှင့် ဒေသန္တရလွှတ်တော်အများစုအတွက် ဝင်ရောက်ယှဉ်ပြိုင်သူများအတွက် အသက်သတ်မှတ်ချက်မှာ ၂၅ နှစ်ဖြစ်ပြီး အထက်လွှတ်တော်နှင့်စီရင်စု မြို့တော်ဝန်ရွေးကောက်ပွဲများအတွက် အသက်သတ်မှတ်ချက်မှာ ၃၀ ဖြစ်သည်။ Single-Seat Constituency စနစ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သူများအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်တင်သွင်းငွေမှာ ဂျပန်ယန်း သုံးသန်း (အမေရိကန်ဒေါ်လာ ၂၇၀၀၀) ဖြစ်ပြီး PR စနစ်အတွက် ဂျပန်ယန်း ခြောက်သန်း (အမေရိကန်ဒေါ်လာ ၅၄၀၀၀) ခန့် ဖြစ်သည်။ အောက်လွှတ်တော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းအတွက် အသက်သတ်မှတ်ချက်မှာ ၂၅ နှစ်ဖြစ်ပြီး အထက်လွှတ်တော်အတွက် အသက်သတ်မှတ်ချက်မှာ ၃၀ ဖြစ်ပါသည်။

**အောက်လွှတ်တော် (House of Representatives)**

Shugi-in သို့မဟုတ် House of Representatives ဟုခေါ်သည့် အောက်လွှတ်တော်တွင် ယခင်က အမတ်နေရာ ၄၇၅ နေရာရှိပြီး ၂၀၁၇ ခုနှစ်တွင် ၄၆၅ နေရာသို့လျှော့ချခဲ့သည်။ အမတ်နေရာ ၂၈၉ နေရာအား single member constituency (ကိုယ်စားလှယ်တစ်ဦးတည်းရွေးချယ်သည့်မဲဆန္ဒနယ်ပြိုင်ပွဲ) စနစ်ဖြင့် ရွေးချယ်ပြီး ကျန် ၁၇၆ နေရာအား Closed- list PR ဖြင့် ရွေးကောက်တင်မြှောက်သည်။ အောက်လွှတ်တော်၏သက်တမ်းမှာ လေးနှစ်ဖြစ်ပြီး ကိုယ်စားလှယ် တစ်ဝက်စီအတွက် ရွေးကောက်ပွဲများကို လေးနှစ်တစ်ကြိမ် ကျင်းပသည်။ အမတ်နေရာအားလုံးအတွက် တစ်ပြိုင်နက်တည်း ရွေးကောက်တင်မြှောက်မှုမဖြစ်စေရန် စီစဉ်ဆောင်ရွက်ရသည်။ အမတ်နေရာ ၁၇၆ နေရာအတွက် closed- list PR စနစ်ကိုကျင့်သုံးပြီး မဲဆန္ဒရှင်များက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ ကျန်နေရာ ၂၈၉ နေရာအတွက် single member constituency (ကိုယ်စားလှယ်တစ်ဦးတည်းရွေးချယ်သည့် မဲအများဆုံးရသူအနိုင်ယူ) စနစ်ကို ကျင့်သုံးသည်။

**အထက်လွှတ်တော် (House of Councilors)**

Sangi-in သို့မဟုတ် House of Councilors ဟုခေါ်သည့် အထက်လွှတ်တော်တွင် ယခင်က လွှတ်တော်အမတ် ၂၄၂ နေရာရှိသည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် အတည်ပြုကျင့်သုံးခဲ့သည့် ရွေးကောက်ပွဲဥပဒေပြင်ဆင်ချက်အရ စုစုပေါင်းလွှတ်တော်နေရာ ၂၄၈ နေရာရှိလာခဲ့ပြီး မဲအများဆုံးရသူအနိုင်ယူစနစ် (Majority) ဖြင့် ရွေးချယ်သည့် အမတ်နေရာအား ၁၄၆ မှ ၁၄၈ နေရာသို့ တိုးမြှင့်ပြောင်းလဲခဲ့ပြီး အချိုးကျစနစ် (Proportional Representation) ဖြင့်ရွေးချယ်သည့် အမတ်နေရာများအား ၉၆ နေရာမှ ၁၀၀ သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။ အထက်လွှတ်တော်၏သက်တမ်းမှာ ခြောက်နှစ်ဖြစ်ပြီး ရွေးကောက်ပွဲများကို သုံးနှစ်တစ်ကြိမ် ကျင်းပသည်။ အမတ်နေရာ ၁၀၀ အတွက် PR စနစ်ကိုကျင့်သုံးပြီး မဲဆန္ဒရှင်များက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ ၁၄၈ နေရာအတွက် Majority စနစ်ကို ကျင့်သုံးသည်။ ထို့ကြောင့် သုံးနှစ်လျှင်တစ်ကြိမ် Single non-transferable စနစ်ဖြင့် ၇၄ နေရာစီ၊ Open-list PR ဖြင့် ၅၀ နေရာစီကို ရွေးချယ်သည်။

**ရွေးကောက်ပွဲများနှင့်မဲပေးခြင်းစနစ်**

ဂျပန်နိုင်ငံတွင် ရွေးကောက်ပွဲအမျိုးအစား သုံးမျိုးရှိပါသည်။ အထက်လွှတ်တော်ရွေးကောက်ပွဲ၊ အောက်လွှတ်တော်ရွေးကောက်ပွဲနှင့် ဒေသန္တရရွေးကောက်ပွဲများဖြစ်ပြီး အောက်လွှတ်တော်ရွေးကောက်ပွဲကို လွှတ်တော်အား ဆောလျင်စွာ ဖျက်သိမ်းသည့်အခြေအနေတစ်ရပ်မှလွဲ၍ လေးနှစ်တစ်ကြိမ် ပုံမှန်ကျင်းပပါသည်။ အထက်လွှတ်တော်ရွေးကောက်ပွဲများအား သုံးနှစ်တစ်ကြိမ်ကျင်းပပြီး ဒေသန္တရရွေးကောက်ပွဲများကို သက်ဆိုင်ရာ စီရင်စုနှင့် မြူနီစီပယ်များတွင် လေးနှစ်တစ်ကြိမ် ကျင်းပပါသည်။ ရွေးကောက်ပွဲများအား ရွေးကောက်ပွဲစီမံခန့်ခွဲရေးဗဟိုကော်မရှင်၏ ညွှန်ကြားမှုအောက်ရှိ အုပ်ချုပ်မှုအဆင့်တိုင်းတွင် ဖွဲ့စည်းထားသော ရွေးကောက်ပွဲအုပ်ချုပ်ရေးကော်မရှင်များက ကြီးကြပ်ကျင်းပပါသည်။ ရွေးကောက်ပွဲစီမံခန့်ခွဲရေးဗဟိုကော်မရှင်သည် ပြည်ထဲရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရှိ အထူးအစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ မဲပေးခြင်းစနစ်မှာ မဲမပေးမနေရစနစ်မဟုတ်ဘဲ အသက် ၂၀ ပြည့်ပြီးသူတိုင်း မဲပေးပိုင်ခွင့်ရှိခြင်းအစား အသက် ၁၈ နှစ်ပြည့်လျှင် မဲပေးခွင့်သတ်မှတ်ချက်အား ၂၀၁၆ ခုနှစ် ဇွန်လတွင် ပြင်ဆင်သတ်မှတ်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများသာ မဲပေးခွင့်ရှိသည်။

အောက်လွှတ်တော်ရွေးကောက်ပွဲများကျင်းပရာတွင် အမတ်နေရာများကို နည်းလမ်းနှစ်မျိုးဖြင့် ရွေးချယ်သည့်အတွက် ဂျပန်နိုင်ငံသားများအနေဖြင့် ဆန္ဒမဲ နှစ်မျိုးပေးရပြီး တစ်မျိုးမှာ ကိုယ်စားလှယ်လောင်းများကိုပေးခြင်းဖြစ်ကာ အခြားတစ်မဲမှာ ပါတီအတွက် ရွေးချယ်ပေးရခြင်းဖြစ်သည်။ မဲပေးခြင်းနှစ်မျိုးအနက် ပထမတစ်မျိုးမှာ Single-seat constituency ဖြစ်ပြီး မဲဆန္ဒရှင်များသည် သက်ဆိုင်ရာ မဲဆန္ဒနယ် (ခရိုင်) တစ်ခုစီတွင် ကိုယ်စားလှယ်လောင်းစာရင်းမှ နှစ်သက်ရာပုဂ္ဂိုလ်ကို ရွေးချယ်မဲပေးရပြီး မဲအများဆုံးရရှိသူက အနိုင်ရသည်။ ဒုတိယမဲမှာ ပြည်နယ်တစ်ခုစီတွင် မဲဆန္ဒရှင်များသည် မိမိနှစ်သက်ရာပါတီကို စာရင်းမှ ရွေးချယ်မဲပေးခြင်းဖြစ်သည်။ ၎င်းတို့ရရှိသည့် မဲရာခိုင်နှုန်းများအလိုက် အောက်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာများ ခွဲဝေရရှိသည်။

**အောက်လွှတ်တော်လွှတ်တော်ရွေးကောက်ပွဲ (၄၇၅ နေရာ)**

**ရွေးချယ်မှုပုံစံ**

| ↓ | ↓ |
|---|---|
| single seat constituency ဖြင့် ကိုယ်စားလှယ်လောင်းများ အားမဲပေးခြင်း (၂၉၅ နေရာ) | proportional representation ဖြင့် ပါတီအားရွေးချယ် မဲပေးခြင်း (၁၈၀ နေရာ) |

ဥပမာအားဖြင့် အောက်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၄၇၅ နေရာရှိသည်။ ဂျပန်နိုင်ငံတွင် ရွေးကောက်ပွဲခရိုင် ၂၉၅ ခရိုင်ဟူ၍ ခွဲခြားသတ်မှတ်ထားသဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ် ခရိုင်အလိုက် မဲဆန္ဒရှင်များသည် ၎င်းတို့အားကိုယ်စားပြုမည့် ကိုယ်စားလှယ်လောင်းများကို မဲပေးရွေးချယ်ရသည်။ ကျန်နေရာ ၁၈၀ ကို Proportional Representation ဖြင့် ရွေးချယ်တင်မြှောက်သည့်အတွက် နိုင်ငံတစ်နိုင်ငံလုံးအား မဲဆန္ဒနယ် ၁၁ နယ်အဖြစ် ခွဲခြားသတ်မှတ်သည်။ အဆိုပါ မဲဆန္ဒနယ်တစ်နယ်အတွင်းရှိ မဲဆန္ဒရှင်များသည် သက်ဆိုင်ရာနိုင်ငံရေးပါတီများကို မဲပေးကြရပြီး ပါတီများက ကိုယ်စားပြု ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ကြသည်။ ပါတီအလိုက်ရရှိသည့် မဲအရေအတွက်အပေါ် မူတည်ပြီး လွှတ်တော်အတွင်းတွင် ကိုယ်စားလှယ်နေရာများ ရရှိကြသည်။

ထို့ကြောင့် ဂျပန်နိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် ရွေးကောက်ပွဲစနစ်အရ အောက်လွှတ်တော် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများသည် single-seat constituency တွင် အနိုင်မရရှိသော်လည်း multi-seat constituency (proportional representation) ဖြင့်ပေးသည့် မဲများဖြင့် ကိုယ်စားလှယ်လောင်းဖြစ်ခွင့်ရှိနေပါသည်။

**မဲဆန္ဒရှင်စာရင်းနှင့်မဲပေးခြင်း**

ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၂ အရ မဲဆန္ဒရှင်စာရင်းတွင် မှတ်ပုံတင်ထားခြင်းမရှိလျှင် မဲပေးပိုင်ခွင့်ရှိသူများဖြစ်သော်လည်း မဲပေးခွင့်မရှိပါ။ မဲစာရင်းအား သက်ဆိုင်ရာမြူနီစီပယ်အလိုက် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးကော်မတီများက ပြုစုပြီး ထိန်းသိမ်းထားရှိပါသည်။ ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၀ အရ မဲဆန္ဒရှင်စာရင်းတွင် မဲဆန္ဒရှင်၏ အမည်၊ လိပ်စာ၊ လိင်၊ မွေးသက္ကရာဇ် စသည်ဖြင့် ပါရှိပါသည်။ မဲစာရင်းတွင် တစ်ကြိမ်ပါဝင်ပြီးပါက အဆိုပါမဲဆန္ဒရှင် သေဆုံးသည့်အခါ သို့မဟုတ် ယင်း၏နိုင်ငံသားဖြစ်မှု မရှိတော့သည့်အခါ သို့မဟုတ် ၎င်းနေထိုင်ရာနေရာမှ အခြားနေရာတစ်ခုသို့ ပြောင်းရွှေ့နေထိုင်သည့်အခါများ၌သာ မဲစာရင်းကို ပြင်ဆင်ပါသည်။ မဲစာရင်းကို အခြေချနေထိုင်မှု အခြေခံမှတ်ပုံတင်စာရင်းစာအုပ်မှ အသက် ၁၈ နှစ်ပြည့်ပြီးသူများ၏စာရင်းဖြင့် ပြုစုခြင်းဖြစ်ပါသည်။ မဲဆန္ဒရှင်တစ်ဦးသည် အနည်းဆုံး သုံးလကျော်နေထိုင်မှုရှိသည့် နေရာ၌ မဲစာရင်းထည့်သွင်းနိုင်ပါသည်။

မဲပေးချိန်မှာ ယခင်က နံနက် ၈ နာရီမှ ည ၈ နာရီအထိဖြစ်သော်လည်း ၂၀၁၆ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သည့် ရွေးကောက်ပွဲဥပဒေပြင်ဆင်ချက်များအရ ဒေသခံအာဏာပိုင်များအနေဖြင့် မဲရုံဖွင့်ချိန်ကို အချိန် နှစ်နာရီစောဖွင့်ခြင်း သို့မဟုတ် မဲရုံပိတ်ချိန်ကိုည ၈ နာရီထက် နှစ်နာရီနောက်ကျပိတ်ခြင်းတို့ကိုဆောင်ရွက်ခွင့်ရရှိစေခဲ့သည်။ ပုံမှန်အချိန်ထက် မဲပေးချိန်ကို တိုးမြှင့်ရသည့် ရည်ရွယ်ချက်မှာ ရွေးကောက်ပွဲတွင် ပိုမိုလာရောက်မဲပေးကြစေရေးအတွက် ဖြစ်ပါသည်။ မဲပေးသူဦးရေတိုးမြှင့်ရန် ဖြစ်ပါသည်။ ပုံမှန်အားဖြင့် နံနက် ၇ နာရီခန့်တွင် မဲစတင်ပေးလေ့ရှိပါသည်။

ယခင်က ရွေးကောက်ပွဲနေ့တွင် မဲပေးသည့် နေရာတစ်မျိုးတည်းသာရှိပြီး များသောအားဖြင့် ၎င်းတို့နေထိုင်ရာနေရာအနီးတွင်ရှိသည့် ကျောင်းများ သို့မဟုတ် အစိုးရရုံးများတွင် မဲပေးရခြင်းဖြစ်သည်။

စာမျက်နှာ ၂၁ သို့

**ဂျပန်နိုင်ငံတွင် ရွေးကောက်ပွဲအမျိုးအစား သုံးမျိုးရှိပါသည်။ အထက်လွှတ်တော်ရွေးကောက်ပွဲ၊ အောက်လွှတ်တော် ရွေးကောက်ပွဲနှင့် ဒေသန္တရရွေးကောက်ပွဲများဖြစ်ပြီး အောက်လွှတ်တော်ရွေးကောက်ပွဲကို လွှတ်တော်အား ဆောလျင်စွာ ဖျက်သိမ်းသည့်အခြေအနေတစ်ရပ်မှလွဲ၍ လေးနှစ်တစ်ကြိမ် ပုံမှန်ကျင်းပ။ အောက်လွှတ်တော်ရွေးကောက်ပွဲများကျင်းပရာတွင် အမတ်နေရာများကို နည်းလမ်းနှစ်မျိုးဖြင့် ရွေးချယ်သည့်အတွက် ဂျပန်နိုင်ငံသားများအနေဖြင့် ဆန္ဒမဲနှစ်မျိုးပေးရပြီး တစ်မျိုးမှာ ကိုယ်စားလှယ်လောင်းများကိုပေးခြင်းဖြစ်ကာ အခြားတစ်မဲမှာ ပါတီအတွက် ရွေးချယ်ပေးရခြင်းဖြစ်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ရှေးဟောင်းသမိုင်းဝင် ပုဂံဘုရားများအား မီးပုလင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သူ နှစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂**

မိမိတို့နိုင်ငံသည် ဗုဒ္ဓဘာသာ အများဆုံးကိုးကွယ်သည့် နိုင်ငံဖြစ်ပြီး ဘာသာသာသနာထွန်းကားမှုကို ယူနက်စကိုစာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားပုထိုးများက သက်သေပြလျက်ရှိသည်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံဒေသသည် မြန်မာနိုင်ငံ၏ ရှည်လျားလှသော ကိုးကွယ်မှုသမိုင်းကို ဖော်ပြနေခြင်းဖြစ်ပြီး နိုင်ငံသားများအားလုံး ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။ သို့ရာတွင် လက်ရှိနိုင်ငံရေးဖြစ်စဉ်ပြောင်းလဲမှုအပေါ် အမြင်မကြည်သူများက အဖျက်အမှောင့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပုဂံမြို့သစ် မြင်းကပါကျေးရွာရှိ ရှေးဟောင်းဘုရား၊ ဘုရားအမှတ် (၂၆၅၄)ကို အကြမ်းဖက်သမားများက မီးပုလင်းဖြင့် ပစ်ပေါက်၍ မီးရှို့ဖျက်ဆီးခဲ့မှု အခြေအနေကို လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့ရသည်။

အထက်ပါဖြစ်စဉ်တွင် ဘုရားအား မီးပုလင်းဖြင့် ပစ်ပေါက်၍ မီးရှို့ဖျက်ဆီးခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ အောင်ဖုန်းမြတ်(ခ) ဖိုးသား(ခ)အေးချမ်းကိုနှင့် ဝေယံဖြိုး(ခ)ငမော့စ် တို့အား ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ကနဦးဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ ကိုင်ဆောင်သည့် တယ်လီဖုန်းများ



အတွင်းမှ ဝါးရင်းတုတ်များအား သေနတ်ကဲ့သို့ ကိုင်တွယ်၍ စစ်ရေးလေ့ကျင့်နေပုံများ၊ လက်လုပ်သေနတ်များဖြင့် ပစ်ခတ်လေ့ကျင့်နေပုံများကို ထပ်မံတွေ့ရှိခဲ့ရသည်။

အထက်ပါဖြစ်စဉ်တွင် ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ထွက်ပြေးလွတ်မြောက်နေသူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မင်းဘူးမြို့နယ် ကျွန်းပြားကျေးရွာရှိ မူကြိုကျောင်း အဆောက်အအုံ မီးရှို့ဖျက်ဆီးသူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျွန်းပြားကျေးရွာအုပ်စု ကျွန်းပြားကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းမှ မူကြိုကျောင်း အဆောက်အအုံသည် ယမန်နေ့တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါစာသင်ကျောင်းအား မီးရှို့ခဲ့သူများမှာ အဆိုပါကျောင်းတွင် အလယ်တန်းပြအဖြစ် တာဝန်ထမ်းဆောင်နေသည့် ဒေါ်အေးမြင့်ရီ(ဘ) ဦးပြုံးနှင့် တိုးဝင်း (ဘ) ဦးကြည်အေးတို့ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါကျေးရွာအတွင်းရှိ ၎င်းတို့၏ နေအိမ်များတွင် သွားရောက်ဖမ်းဆီးခဲ့ရာ ကျောင်းများကို မီးရှို့ဖျက်ဆီးမည့် စာသားများ၊ ကျောင်းတက်နေသည့် ကလေးများကို အသက်အန္တရာယ်ခြိမ်းခြောက်ထားသည့် စာသားများပါ စာရွက်များဖြင့် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူများအား တရားဥပဒေနှင့်အညီ ပြင်းပြင်းထန်ထန် ထိရောက်စွာ အရေးယူနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂**

နိုင်ငံ၏ အုပ်ချုပ်မှုယန္တရားပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ဆူပူအကြမ်းဖက်သူလူတစ်စုက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်း၍ လိုအပ်သလိုအရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အစိုးရဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ရန် လှုံ့ဆော်ခြင်းနှင့် ကိုယ်တိုင်ပါဝင်ခဲ့ခြင်းများ လုပ်ဆောင်ခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကရသူရီမြို့ မသေကျေးရွာအုပ်စု ကံမော်ကြီးကျေးရွာနေ ဒေါ်ခင်ဝင်း(ဘ)ဦးဦးစိန်နှင့် မအိအိထွန်း(ဘ)ဦးမြင့်ထွန်းတို့ နှစ်ဦးကို ယမန်နေ့တွင် ၎င်းတို့၏ နေအိမ်အသီးသီး၌ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ကရသူရီ မြို့နယ်ရဲစခန်း၌ ရာဇသတ်ကြီး ပုဒ်မ၊ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ဒေါ်အိအိထွန်း



ဒေါ်ခင်ဝင်း

❂ စာမျက်နှာ ၂၀ မှ

မဲပေးသည့်နေရာသတ်မှတ်ခြင်းကို ရွေးကောက်ပွဲ အုပ်ချုပ်ရေးဆိုင်ရာအာဏာပိုင်များက ဆောင်ရွက်ခြင်းဖြစ်သည်။ အထက်ဖော်ပြပါရွေးကောက်ပွဲ ဥပဒေပြင်ဆင်ချက်များအရ ဒေသန္တရ အာဏာပိုင်များသည် ရွေးကောက်ပွဲနေ့တွင် မဲရုံများကို လက်ရှိနေရာများအပြင် အများပြည်သူ ပိုမိုအသုံးပြုနီးစပ်ရာနေရာများဖြစ်သည့် ရထားဘူတာရုံများ၊ ဈေးဝယ်စင်တာများနှင့် အခြားသော အများပြည်သူသုံးနေရာများတွင် သတ်မှတ်ပိုင်ခွင့်ရှိသည်။

အခြားနိုင်ငံများတွင်ရောက်ရှိနေသော ဂျပန်နိုင်ငံသားများအား မဲပေးခွင့်ပြုထားပြီး သက်ဆိုင်ရာနိုင်ငံများရှိ သံရုံးများ၊ ကောင်စစ်ဝန်ရုံးများတွင် ရွေးကောက်ပွဲနေ့၌ ကိုယ်တိုင်သွားရောက်မဲပေးခွင့်ရှိသည်။ အမေရိကန်စနစ်နှင့်မတူညီသည့်အချက်မှာ နိုင်ငံပြင်ပသို့ ရောက်ရှိနေသည့် အမေရိကန်နိုင်ငံသားများသည် စာတိုက်မှတစ်ဆင့် မဲပေးနိုင်သော်လည်း နိုင်ငံပြင်ပရောက် ဂျပန်နိုင်ငံသားများမှာ ကိုယ်တိုင်သွားရောက်မဲပေးရပါသည်။

**ရွေးကောက်ပွဲစီမံအုပ်ချုပ်သည့်အဖွဲ့အစည်းများ**

ရွေးကောက်ပွဲစီမံခန့်ခွဲမှုဗဟိုကော်မတီအား အဖွဲ့ဝင် ငါးဦးဖြင့် ဖွဲ့စည်းပြီး လွှတ်တော်က အမည်စာရင်းတင်သွင်းသူများအား ဝန်ကြီးချုပ်က အတည်ပြုပြီး ခန့်အပ်သည်။ သက်တမ်းမှာ သုံးနှစ်ဖြစ်ပြီး အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရာတွင် တာဝန်ရှိသည်။

ခရိုင်/စီရင်စုအဆင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးကော်မတီများအား စီရင်စုလွှတ်တော်များက ခန့်အပ်ပြီး အဖွဲ့ဝင် လေးဦးခန့်ထားကာ လေးနှစ်သက်တမ်းဖြစ်သည်။ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ရွေးကောက်ပွဲများ၊ စီရင်စုလွှတ်တော်ရွေးကောက်ပွဲများအတွက် တာဝန်ရှိသည်။

အဆိုပါကော်မတီများအပြင် မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ လေ့လာခြင်း၊ ကိုယ်စားလှယ်များအား ကြေညာခြင်း အစရှိသည်တို့အတွက် စီမံခန့်ခွဲရေးအဖွဲ့များ သီးခြားဖွဲ့စည်းထားရှိသည်။

**နိဂုံး**

၂၀၀၂ ခုနှစ်တွင် ဒေသန္တရရွေးကောက်ပွဲများ၌ လျှပ်စစ်သုံးမဲပေးစက်များကို စတင်အသုံးပြုခဲ့ပြီး ကြိုတင်မဲစနစ်ကို ၂၀၀၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့ပါသည်။ ဂျပန်နိုင်ငံ၏ လက်ရှိဖွဲ့စည်းပုံအခြေခံ ဥပဒေကို ၁၉၄၇ ခုနှစ် မေလ ၃ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅ နှင့် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉ အရ အသက် ၂၀ ပြည့်ပြီးသူတိုင်း မဲပေးခွင့်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် အသက် ၁၈ နှစ်အဖြစ်သို့ ပြင်ဆင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄ နှင့် ၄၄ တို့အရ နိုင်ငံသားတိုင်း လူမျိုး၊ ဘာသာ၊ ကျား/မ၊ ပညာရေး၊ ပိုင်ဆိုင်မှု၊ လစာ အစရှိသည် မည်သည့်အကြောင်းရင်းပေါ်တွင်မျှ ခွဲခြားဆက်ဆံခြင်းမရှိစေရဘဲ လွှတ်တော်များအတွက် မဲပေးခွင့်ရှိသည်။ ဂျပန်နိုင်ငံတွင် ၁၉၄၅ ခုနှစ်မှ စတင်ပြီး အမျိုးသမီးများမဲပေးခွင့်ရရှိခဲ့သည်။ ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅ ၌ "ရွေးကောက်ပွဲများတွင် လျှို့ဝှက်မဲပေးမှုအား မချိုးဖောက်ရ၊ မဲဆန္ဒရှင်တစ်ဦးသည် မည်သည့်ရွေးချယ်မှုကို ပြုလုပ်ခဲ့သည်ဟူသော ၎င်း၏ဆုံးဖြတ်ချက်အား ပြောကြားခွင့်မရှိ"ဟု ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံတွင် အသုံးပြုဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲစနစ်များသည် ယင်းနိုင်ငံ၏ ပထဝီအနေအထား၊ လူဦးရေ၊ နိုင်ငံရေးအခြေအနေ၊ လိုအပ်ချက်တို့နှင့် ကိုက်ညီမှုရှိနိုင်သကဲ့သို့ အားနည်းချက်၊ အားသာချက်များလည်း ရှိနိုင်ပါသည်။ ယနေ့ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသော မြန်မာနိုင်ငံသည် မိမိနိုင်ငံနှင့် သင့်လျော်သည့် ရွေးကောက်ပွဲစနစ်များကို ပြောင်းလဲကျင့်သုံးရာတွင် ဒေသတွင်းနိုင်ငံများ၏ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်နိုင်စေရန် တင်ပြလိုက်ရပါသည်။ ။

**ကျမ်းကိုး**

- Election System in Japan by Local Governance (Policy Making and Civil Society) F.Y 2007
- Japan's Constitution of 1946
- Elections Guide by IFES (Japan)
- Elections in Japan, Wikipedia
- Electoral Systems in Japan, Wikipedia
- Election related news by The Japan Time

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ် အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်။**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အစဉ်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ် အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အနုပညာ

# တေလာဆွစ်ကို ရုပ်ရှင်သစ်တွင် တွေ့မြင်ရမည်

ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ တေလာဆွစ်ကို မကြာမီမှာ ရုပ်ရှင်ပိတ်ကားထက်ဝယ်တွေ့မြင်ရတော့မှာ ဖြစ်ပါတယ်။ တေလာဆွစ်ဟာ ဒေးဗစ်အိုရက်ဆဲလ်ရဲ့ ရုပ်ရှင်သစ်မှာ ဧည့်သည်သရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်ထားကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ရုပ်ရှင်ဟာ လတ်တလောမှာ ထုတ်လုပ်ရေးလုပ်ငန်းတွေ စတင်လုပ်ဆောင်နေပြီလည်း ဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာ အဓိကဇာတ်ဆောင်တွေအဖြစ် နာမည်ကျော် သရုပ်ဆောင်တွေဖြစ်ကြတဲ့ မာဂေ့ါရော့ဘီ၊ ခရစ်စတင်ဘဲလ်နဲ့ ဂျွန်ဒေးဗစ်ဝါရှင်တန်တို့ ပါဝင်သရုပ်ဆောင်ထားတာလည်း ဖြစ်ပါတယ်။ တေလာဆွစ်ကတော့ အဆိုပါရုပ်ရှင်မှာ ကျော်ကြားတဲ့အနုပညာရှင်တစ်ဦးအဖြစ် ပါဝင်အားဖြည့်ထားတာလည်း ဖြစ်ပါတယ်။ တေလာဆွစ်နဲ့အတူ အခြားသော ကျော်ကြားတဲ့ အနုပညာရှင်များလည်း အဆိုပါရုပ်ရှင်မှာ ပါဝင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါရုပ်ရှင်ဟာ ဂရမ်မီဆုများရှင် တေလာဆွစ်ရဲ့ ဒုတိယမြောက်ရုပ်ရှင်လည်း ဖြစ်လာမှာပါ။ တေလာဆွစ်ရဲ့ ပွဲဦးထွက်ရုပ်ရှင်ကတော့ Cats ဖြစ်ပြီး အဆိုပါရုပ်ရှင်ဟာ တေးဂီတရုပ်ရှင်အမျိုးအစားလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် တေလာဆွစ်ဟာ အခြားသော ရုပ်သံအစီအစဉ်တွေနဲ့ မှတ်တမ်းရုပ်ရှင်တွေမှာလည်း ပါဝင်ခဲ့ဖူးသူ ဖြစ်ပါတယ်။




အေးပြည့်- စုစည်းသည်



## တစ်ပတ်အတွင်း အကြိမ်အများဆုံးထုတ်လွှင့်ခဲ့ရတဲ့ တေးသီချင်း Butter

Butter တေးသီချင်းဟာ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းတစ်ပုဒ်ပါ။ အဆိုပါတေးသီချင်းဟာ BTS အတွက် အောင်မြင်မှုတွေကို ထပ်ဆောင်းယူဆောင်လာတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ခဲ့ပြီး လတ်တလောမှာ အဆိုပါ တေးသီချင်းဖြင့် စံချိန်သစ် ထပ်မံတင်နိုင်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇွန် ၂ ရက်မှာ အဆိုပါ တေးသီချင်းဟာ အော်ရီဂွန်တေးဂီတဇယားရဲ့ တစ်ပတ်အတွင်း အကြိမ်အများဆုံး ထုတ်လွှင့်ခဲ့ရတဲ့ တေးသီချင်းဇယားမှာ နံပါတ်တစ်နေရာ ရယူထားနိုင်ခဲ့တာ တွေ့ရပါတယ်။ မေ ၂၄ မှ ၃၀ ရက်အတွင်း အကြိမ်အများဆုံး ထုတ်လွှင့်ပေးခဲ့ရတာဖြစ်ပြီး စုစုပေါင်း အကြိမ်အရေအတွက် ၃၁၁၃၀၃၅၂ ကြိမ် ထုတ်လွှင့်ပေးခဲ့ရကြောင်းလည်း သိရပါတယ်။

Butter ဟာ တစ်ပတ်အတွင်း အကြိမ်အများဆုံး ထုတ်လွှင့်ခဲ့ရတဲ့ တေးသီချင်းဖြစ်ရုံသာမက အော်ရီဂွန်ရဲ့ သမိုင်းတစ်လျှောက်မှာလည်း မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပါတယ်။ အဆိုပါ တေးသီချင်းဟာ အော်ရီဂွန်မှာ တစ်ပတ်အတွင်း အကြိမ်အများဆုံး ထုတ်လွှင့်ခဲ့ရတဲ့ တေးသီချင်းတွေအနက် အကြိမ်အရေအတွက်အများဆုံး ထုတ်လွှင့်ခဲ့ရတဲ့ တေးသီချင်းအဖြစ်လည်း စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရပါတယ်။

ထိပ်ဆုံးမှာ တွေ့ကြမယ်

# ယခုအချိန်သည် အကောင်းဆုံးအချိန်

ခင်မောင်ညို(ဘောဂဗေဒ)




လွန်ခဲ့သောနှစ်အနည်းငယ်က အင်ဒီယန်းအဘိုးအိုတစ်ဦးပိုင်ဆိုင်သည့် အိုကလာဟိုးမားပြည်နယ်က မြေအချို့၌ ရေနံရှာဖွေတွေ့ရှိခဲ့သည်။ ထိုအင်ဒီးယန်းအဘိုးအိုကြီးသည် တစ်သက်လုံး ဆင်းရဲလာခဲ့ရာမှ နေ့ချင်းညချင်းပင် သူဌေးကြီးဖြစ်သွားသည်။ ထိုသို့ သူဌေးဖြစ်သွားသည့်အခါ သူပထမဆုံးလုပ်သည့်အလုပ်မှာ ကယ်ဒီလက်ခရီးလှည့်ကား တစ်စီးဝယ်သည်။ ထိုအချိန်ကရှိသည့် ကယ်ဒီလက်ခရီးလှည့်ကားများ၌ အရှည်ဆုံးကိုလိုချင်သဖြင့် အနောက်ဘက်တွင် တာယာလေးလုံး ထပ်တပ်သည်။ ထို့အပြင် အေဗရာ ဟင်လင်ကွန်းဆောင်းသည့် ဦးထုပ်တစ်လုံးဝယ်ကာ အမြီးတွေ လိုက်တပ်သည်။ လည်စည်းစည်းသည်၊ နောက်ဆုံး၌ ဆေးပြင်းလိပ်ကြီးတစ်လိပ်ခဲသည်။ နေ့စဉ်နေ့တိုင်းပင် သူက အနီးအနားရှိ ပူပြင်းဖုန်ထူသော အိုကလာဟိုးမား မြို့ငယ်လေးတစ်လျှောက် မောင်းနှင်သည်။ လူတိုင်းက သူ့ကိုကြည့်စေချင်ပြီး လူတိုင်းကိုလည်း သူကမြင်ချင်၊ နှုတ်ဆက်ချင်သည်။ သူသည် ပေါင်းရသင်းရကောင်းသော အဘိုးအိုကြီးတစ်ယောက်ဖြစ်သဖြင့် ကားစီးသွားသည့်အခါ ကားယာဘက်ရော ဝဲဘက်၌ပါ တွေ့သမျှလူအားလုံးကို ဝှေ့ယမ်းနှုတ်ဆက်သည်။ တကယ်တော့ သူက ဘက်အားလုံးကို လှည့်ကြည့်ပြီး ရပ်သူ ရွာသားများနှင့် စကားပြောနေခြင်းဖြစ်သည်။ ထူးဆန်းသည်မှာ သူ့ကားက မည်သူ့ကိုမျှ မတိုက်မိခြင်း၊ မည်သူကမျှလည်း သူ့ကားကို ဝင်၍ မတိုက်မိခြင်းပင် ဖြစ်သည်။ တစ်ဦးတစ်ယောက်ကိုမျှ တိုက်မိခြင်း မရှိသလို မည်သူ၏ပစ္စည်းကိုမျှလည်း ထိခိုက်မိခြင်း မရှိပေ။ ဤသို့ မတိုက်မိရခြင်း၏အကြောင်းရင်းမှာလည်း သိပ်ရှင်းပါသည်။ အလွန်လှပခံ့ညားသည့် ကားကြီး၏ရှေ့မှာ မြင်းနှစ်ကောင်ရှိနေသည်။ သူက သူ့ကားကြီးကို မြင်းနှစ်ကောင်ဖြင့် ဆွဲခြင်းဖြစ်သည်။

### လှည့်နှိုးလိုက်ပါ

ဒေသခံစက်ပြင်ဆရာများက ကား၏အင်ဂျင်နှင့်ပတ်သက်၍ ချို့ယွင်းမှုမရှိပါဟု ပြောကြသည်။ သို့သော် အင်ဒီးယန်းအဘိုးကြီးက သော့လှည့်ပြီး စက်နှိုးရမည်ကိုမသိ။ သူ့ကားထဲမှာ မြင်းအကောင် ၁၀၀ ပါပြီး ထိုမြင်းအကောင် ၁၀၀ က သွားလည်းသွားချင်နေကြသည်။ သွားလည်းသွားနိုင်သည်။ သို့သော် သွားခွင့်မရ။ ပြင်ပက မြင်းနှစ်ကောင်သုံးပြီး ကားကိုဆွဲနေသည်။ အများအားဖြင့် လူအတော်များများတို့သည် သူတို့၏ ကိုယ်ထဲမှာ မြင်းကောင်ရေ ၁၀၀ ကျော် ရှိနေပါလျက်နှင့် ပြင်ပမြင်းနှစ်ကောင်ကို အားကိုးသည့် အမှားမျိုးကို ကျူးလွန်မိတတ်ကြသည်။ စိတ်ပညာရှင်များကဆိုလျှင် ကျွန်တော်တို့တွင်ရှိသော အစွမ်းအစများအနက် နှစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းလောက်ကိုသာ ကျွန်တော်တို့က အသုံးချနေခြင်းဖြစ်သည်ဟု ပြောကြသည်။

အိုလီဗာဝင်ဒယ်ဟုမ်းက “အမေရိကားနှင့်ပတ်သက်လို့ ဝမ်းနည်းစရာ အကောင်းဆုံးဖြစ်ရပ်ကတော့ သဘာဝသယံဇာတတွေကို ဖြုန်းပစ်တာဟာလည်း ဝမ်းနည်းစရာ ကောင်းတာပေါ့လေ။ ဒါပေမယ့် ဝမ်းနည်းစရာအကောင်းဆုံးကတော့ လူ့အစွမ်းအစတွေကို အလကားဖြုန်းတီးပစ်နေတာပါပဲ”ဟု ပြောဖူးသည်။ သာမန်လူတစ်ယောက်သည် သူ့ခန္ဓာကိုယ်ထဲမှာ ဂီတတွေရှိနေလျက်နှင့်ပင် သင်္ချိုင်းသို့ရောက်သွားခြင်း ဖြစ်သည်။ ကံမကောင်း အကြောင်းမလှစွာပင် သီချင်းကောင်း တော်တော်များများတို့သည် မတီးမမှုတ်ရသေးဘဲနှင့် သင်္ချိုင်းသို့ရောက်သွားတတ်ကြသည်။

အချိန်အတန်ကြာကပင် ကျွန်တော်သည် လူတစ်ယောက်အတွက် သူ့ဘဝတွင် ဝမ်းနည်းစရာအကောင်းဆုံးဖြစ်ရပ်မှာ သူသေရာညောင်စောင်း၌ လဲလျောင်းသည့်အခါ ရေနံတွင်းတစ်တွင်းတွေ့ခြင်းသို့မဟုတ် ရွှေတွင်းတစ်တွင်း တွေ့ခြင်းဖြစ်လိမ့်မည်ဟု ထင်ခဲ့သည်။ ယခုတော့ အထင်အမြင် ပြောင်းသွားပေပြီ။ လူတစ်ယောက်၏ ကိုယ်တွင်း၌ရှိနေပြီး ဈေးမကြီးမားကျယ်ပြန့်သည့် ဥစ္စာခနများကို မည်သည့်အခါမျှ ရှာဖွေမတွေ့ရှိနိုင်ခြင်းသည်သာ အဆိုးစွန်ဆိုးသွမ်းခြင်းပင်ဖြစ်သည်ဟု မြင်လာသည်။ ကျွန်တော့်မိတ်ဆွေကောင်းတစ်ယောက်ဖြစ်သော မေဂျာရူဘင်ဆိုင်တလင်က “သမုဒ္ဒရာရဲ့ အောက်ခြေမှာ ရောက်နေလျှင် မတ်စေ့တစ်စေ့နှင့် ဒေါ်လာ ၂၀ တန် ရွှေစတစ်စဟာ တန်ဖိုးချင်း အတူတူပဲ”ဟု ပြောဖူးသည်။ ထိုဒင်္ဂါးများကို သမုဒ္ဒရာအောက်ခြေမှ နှိုက်ထုတ်ကာ ရည်ရွယ်ထားသည့်အတိုင်း အသုံးချနိုင်မှသာလျှင် တန်ဖိုးခြားနားမှု ရှိပေမည်။

ခင်ဗျားကိုယ်တွင်းကို ကိုယ်တိုင်လေ့လာဆည်းပူးတတ်ပြီး ထိုနေရာမှာရှိနေသည့် ကျယ်ပြောသော အစွမ်းအစများကို အသုံးချမှသာလျှင် ခင်ဗျား၏တန်ဖိုးများသည် အမှန်တကယ်ပေါ်ပေါက်လာပြီး ဈေးကွက်ဝင်လာမည်။

ခင်ဗျား၏ အစွမ်းအစများကို ပို၍အသုံးချနိုင်ရန်အတွက် ကျွန်တော် ဤစာအုပ်ကို ရေးသားခြင်းဖြစ်ပါသည်။ ထိုရည်ရွယ်ချက်ဖြင့် မိမိကိုယ်တွင်းရှိ ရေနံတွင်းသော်လည်းကောင်း၊ ရွှေတွင်းကိုသော်လည်းကောင်း ရှာဖွေအသုံးချတတ်စေရန် ရည်ရွယ်သည်။ ကမ္ဘာမြေကြီးပေါ်က သဘာဝသယံဇာတများနှင့်မတူဘဲ ခင်ဗျား၏ကိုယ်ပိုင်သယံဇာတများသည် မည်သည့်အခါမျှ မသုံးဘဲထားခြင်းအားဖြင့် အလဟဿ ပြုန်းတီးကုန်ဆုံးသွားစေနိုင်သည်။ သို့ဖြစ်၍ ကျွန်တော်၏ရည်ရွယ်ချက်မှာ ခင်ဗျား၏ပါရမီများ၊ အစွမ်းအစများကို လက်တွေ့အသုံးချခြင်းအားဖြင့် ခင်ဗျားနှင့် အခြားသူများသည် ခင်ဗျားပေးစရာရှိတာတွေကို အတူတကွ ခံစားနိုင်ကြစေရန် ရည်ရွယ်သည်။ ခင်ဗျား၏ ပါရမီများ၊ အစွမ်းအစများအပေါ်တွင် သံသယဖြစ်စရာမလို။ ယခုအခါ ခင်ဗျားအနေဖြင့် ထိုအစွမ်းအစများကို အသုံးချခြင်းအားဖြင့် ထူးချွန်ချင်လျှင် ထူးချွန်မည်။ ဆင်းရဲလျှင်လည်း ဆင်းရဲမည် ဆိုသလိုမဟုတ်ဘဲ ထူးချွန်လည်း ထူးချွန်နိုင်သည်။ ကြွယ်ဝလည်း ကြွယ်ဝလာစေနိုင်သည်။

### ညံ့ဖျင်းသော အတွေးအခေါ်များ

နှစ်အနည်းငယ်က အတွေးအခေါ်ပညာရှင်တစ်ယောက် ပြောသည့်ပုံပြင်ကို ကြားဖူးသည်။ သင်လက်ရှိနေရာကို ရောက်နေရခြင်းမှာ သင်ဖြစ်ချင်သည့်နေရာကို တိတိကျကျရောက်နေခြင်းပင်ဖြစ်သည်ဟု သူကပြောခဲ့သည်။ ထိုအကြံဉာဏ်ကိုရယူပြီး မကြာခဏလည်း ပြောဖူးသည်။ တစ်ညသ၌ ဘာမင်ဟန်မှ မစ္စစ္စပီသို့ ကျွန်တော် ကားမောင်းသွားခဲ့သည်။ မာရီဒီယန်ကို နောက်တစ်နေ့နံနက်၌ ရောက်ရန်မှာ အလွန်အရေးကြီးသည်။ လမ်းတွေပြင်နေသဖြင့် ဓာတ်ဆီဆိုင်တစ်ဆိုင်၌ဝင်ကာ အကူအညီတောင်းခဲ့သည်။ ထိုဓာတ်ဆီဆိုင်၌ရှိသည့်သူတစ်ဦးက ကျွန်တော်တို့ကို အကောင်းဆုံး လမ်းတစ်လမ်းညွှန်ပြသည်။ မြေပုံပင် ဆွဲပေးလိုက်သေးသည်။ ထိုမြေပုံအတိုင်းသာသွားလျှင် ကျွန်တော့်အနေဖြင့် မာရီဒီယန်သို့ စောစောစီးစီးရောက်မည်။ အချိန်တောင်ပိုလိမ့်မည်ဟု ပြောသည်။ သူလမ်းညွှန်ရာအတိုင်း ကျွန်တော် တိတိကျကျသွားသည့်အခါ နောက်ထပ် တစ်နာရီအကြာ၌ မာရီဒီယန်နှင့် ၄၅ မိုင် ဝေးနေသေးကြောင်း တွေ့ရသည်။ ထိုနေရာကို ကျွန်တော်ရောက်ချင်၍ ရောက်ရသည်မဟုတ်။ တစ်ယောက်ယောက်က လမ်းမှားညွှန်လိုက်၍သာ ကျွန်တော်ရောက်နေရခြင်းဖြစ်သည်။

ခင်ဗျားကိုလည်း အလားတူပင် ကျွန်တော်ပြောလိုသည်။ ခင်ဗျားအနေဖြင့် စိတ်ဓာတ်ပျက်ပြားသွားသည့်အခါ၊ မိသားစုနှင့်လည်းကောင်း၊ အလုပ်ခွင်နှင့်လည်းကောင်း အဆင်မပြေသည့်အခါ ထိုအခြေအနေများသည် ခင်ဗျားတကယ်လိုချင်သည့် အခြေအနေများဟု ကျွန်တော်မယုံကြည်ပါ။ အထင်မှား၊ အမြင်မှား၊ အတွေးမှားဖြစ်အောင် ညံ့ဖျင်းသည့်တွေးနည်းမျိုးဒဏ်ကို ခံစားရစေရန် တစ်ယောက်ယောက်က လမ်းမှားညွှန်လိုက်၍ ဖြစ်နိုင်သည်။ ဤသို့ဆိုသဖြင့် ခင်ဗျားဖြစ်သမျှအားလုံးကို အခြားသူများအပေါ် ပုံမချပါနှင့်။ အခြားသူအပေါ်၌ အပြစ်ပုံချခဲ့လျှင်လည်း ခင်ဗျား၏ အနာဂတ်တိုးတက်မှုများသည် ခင်ဗျား၏ပခုံးပေါ်သာ ကျရောက်နေကြောင်းကို သဘောပေါက်လာပါလိမ့်မည်။

ကျွန်တော် ရှင်းပြပါရစေ။ အမေရိကတောင်ပိုင်းရှိ မြို့တော်တစ်ခု၌ ဈေးရောင်း ဈေးဝယ်လုပ်စရာ ဌာနကြီးတစ်ခု ပေါ်ထွက်လာခဲ့သည်။ ထိုဈေးရောင်းဈေးဝယ်စရာ ဗဟိုဌာနသည် မူလက မြို့တော်၏ အမှိုက်ပုံပေါ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ နှစ်ပေါင်း ၁၀၀ ကျော်လောက်အထိ ထိုနေရာကို မည်သူကမျှ အမှိုက်ပုံတစ်ခုထက်ပို၍ မမြင်ကြပေ။ သို့သော် ၂၅ နှစ်ကြာသည့်အခါ တိုးတက်သည့် စိတ်ဓာတ်ရှိသော မြို့သူ မြို့သားများက ထိုနေရာသည် လှပသည့် အရောင်းအဝယ်ဗဟိုဌာနတစ်ခုဖြစ်သင့်ကြောင်း မြင်လာကြသည်။ အမှိုက်သွားပစ်သည်ကို စွန့်လွှတ်လိုက်ကြပြီး ထိုအမှိုက်များ အပေါ်၌ပင် ပြုပြင်တည်ဆောက်ထားခဲ့ခြင်း ဖြစ်သည်မဟုတ်ပါလား။

ဤဓာတ်လမ်းကို ကျွန်တော်က ပြောပြရခြင်းမှာ အချိန်ကာလအတိုင်းအတာတစ်ခုအထိ လူအများအနေဖြင့် ခင်ဗျား၏ စိတ်ထဲသို့ ဆိုးသွမ်းမှုများကို ဝင်ရောက်လာစေနိုင်၍ ဖြစ်သည်။ သို့သော် ခင်ဗျားနားလည်ရမည်မှာ အတိတ်က ခင်ဗျား၏စိတ်ထဲသို့ ဆိုးသွမ်းမှုများ ဝင်လာခဲ့သည်မှာ တကယ်တမ်း အရေးကြီးသည်မဟုတ်။ တကယ်တမ်း မသိ၍သော်လည်းကောင်း၊ သက်သက်မဲ့သော်လည်းကောင်း ဖြစ်နိုင်သည်။ ခင်ဗျားအပေါ်မှာ နည်းနည်းပါးပါး မကောင်းကြံစည်ခဲ့လျှင်လည်း အရေးမကြီးပေ။ ထိုမကောင်းမှုများ အားလုံးကို ခင်ဗျားအနေဖြင့် ကျော်လွှားနိုင်သည်။ ထို့ကြောင့် ယနေ့သည် ခင်ဗျားဘဝ၏ ကျန်သည့်ကာလများအတွက် ပထမဆုံးနေ့ဖြစ်သဖြင့် ပျော်ရွှင်သော မွေးနေ့ဖြစ်ပါစေဟု ကျွန်တော်က ပြောလိုက်ချင်သည်။ အတိတ်သည် ပြီးသွားခဲ့ပြီ။ ယခုထိ ဖတ်လာခဲ့ခြင်းအားဖြင့် ခင်ဗျားသည် ကြီးကျယ်မြင့်မြတ်သည့် အနာဂတ်တစ်ခုအတွက် အခြေခံအုတ်မြစ်ချသည့် ဖြစ်စဉ်ထဲတွင် ခင်ဗျားရောက်ရှိနေသည်။

စာမျက်နှာ ၂၄ သို့ ○

**ခင်ဗျားအနေဖြင့် စိတ်ဓာတ်ပျက်ပြားသွားသည့်အခါ၊ မိသားစုနှင့်လည်းကောင်း၊ အလုပ်ခွင်နှင့်လည်းကောင်း အဆင်မပြေသည့်အခါ ထိုအခြေအနေများသည် ခင်ဗျားတကယ်လိုချင်သည့် အခြေအနေများဟု ကျွန်တော်မယုံကြည်ပါ။ အထင်မှား၊ အမြင်မှား၊ အတွေးမှားဖြစ်အောင် ညံ့ဖျင်းသည့်တွေးနည်းမျိုးဒဏ်ကို ခံစားရစေရန် တစ်ယောက်ယောက်က လမ်းမှားညွှန်လိုက်၍ ဖြစ်နိုင်သည်။ ဤသို့ဆိုသဖြင့် ခင်ဗျားဖြစ်သမျှအားလုံးကို အခြားသူများအပေါ် ပုံမချပါနှင့်။ အခြားသူအပေါ်၌ အပြစ်ပုံချခဲ့လျှင်လည်း ခင်ဗျား၏ အနာဂတ်တိုးတက်မှုများသည် ခင်ဗျား၏ပခုံးပေါ်သာ ကျရောက်နေကြောင်းကို သဘောပေါက်လာပါလိမ့်မည်။**

○ စာမျက်နှာ ၂၃ မှ

တစ်ခုတော့ သတိပေးမည်။ အချိန်အတော်ကြာသည်အထိ ခင်ဗျား၏စိတ်ထဲသို့ မကောင်းကြံစည်မှုများကို ပေးပို့ခဲ့ကြသည်။ တကယ်တော့ ကျွန်တော်တို့သည် အာဟာရ ချို့တဲ့နေသူတစ်ယောက်ကို ဗီတာမင်ပေါင်းစုံပါဝင်သည့် အစားအစာတစ်နပ် များများစားစား ကျွေးလိုက်ခြင်းအားဖြင့် ကျန်းမာရေးအခြေအနေ လုံးဝပြန်ကောင်းမလာနိုင်ကြောင်း နားလည်သင့်သည်။ သို့ဖြစ်၍ လောလောဆယ်တွင် ကျွန်တော်တို့လုပ်နိုင်သည့် ကိစ္စများကို အပြုသဘောအတွေးများ၊ မှန်ကန်သည့်စိတ်နေ စိတ်ထားများဖြင့် ဖုံးအုပ်လုပ်ဆောင်ရန်ဖြစ်၏။ ထိုအထဲမှ တစ်ခါတစ်ရံ ညစ်ပတ်မှုများ ပေါ်ထွက်လာပြီး အတွေးဟောင်းများထဲ ပြန်ရောက်သွားနိုင်သည်။ သို့သော် အခန်းတိုင်းကို ဆက်လက်ဖတ်ရှုခြင်းအားဖြင့် နောက်ဆုံး၌ မကောင်းမှုကြီးတစ်ခုလုံးကို အပြီးမြှုပ်နှံပစ်လိုက်နိုင်ပါလိမ့်မည်။

သို့သော် အဆိုးမြင်တတ်သော လူ့အဖွဲ့အစည်းထဲတွင် ကျွန်တော်တို့ နေနေကြသဖြင့် နေ့စဉ်နေ့တိုင်း ကျွန်တော်တို့၏ စိတ်ထဲသို့လာရောက်၍ ပုံနေသည့် ဆိုးသွမ်းသော အမြင်သစ်များ၊ ပြဿနာများ အမြဲတမ်းရှိနေပါလိမ့်မည်။ မိတ်ဆွေတစ်ယောက်က သော်လည်းကောင်း၊ သိဟောင်းကျွမ်းဟောင်းတစ်ယောက်က သော်လည်းကောင်း၊ စကားပြောရင်းနှင့် ကျွန်တော်တို့၏စိတ်ထဲသို့ မကောင်းမှုအချို့ ရောက်လာပါလိမ့်မည်။ ရေဒီယိုနားထောင်ခြင်း ရုပ်မြင်သံကြားကြည့်ခြင်းတို့ကြောင့်လည်း မကောင်းမှုများ ရောက်လာနိုင်သည်။ အတွေးဟောင်း၊ အမြင်ဟောင်းတွေ ရလာနိုင်သည်။ ဤသို့ဆိုလျှင် ကျွန်တော်တို့ ယခုဘာလုပ်ကြမည်နည်း။ ဆက်ဖတ်ပါ။ အဖြေကို အခြားအပိုင်းများ၌ အသေးစိတ် တွေ့ရပါလိမ့်မည်။ ထိုသို့ တွေ့ရမည့်အကြောင်းကိုလည်း ရဲရဲကြီးအာမခံနိုင်ပါသည်။

**အနာဂတ်သည် ယခု**

စိတ္တဗေဒဆိုင်ရာ တွေ့ရှိချက်အသစ်များအနေဖြင့် မကောင်းသောတွေးခေါ်မှုများအားလုံးကို တူးဆွနိုင်လောက်အောင် ဖွံ့ဖြိုးတိုးတက်ခြင်းမရှိသည့်အပြင် အဓိကပြဿနာတို့ကို ရှင်းမပစ်နိုင်သေးပါ။ ထိုသို့ မရှင်းနိုင်ဘဲ အနာဂတ်နှင့်ပတ်သက်၍ မျှော်လင့်ချက်များကို ပေးလျက်ရှိသည်။ ထိုသို့ပေးခြင်းသည် ပြဿနာကိုသတိထား၍ မဆောင်ရွက်ဘဲ အဖြေကိုအာရုံစိုက်၍ ဆောင်ရွက်ခြင်းသာဖြစ်သဖြင့် ရရှိလာသော ရလဒ်များသည်လည်း တူညီကြသည်။ "အကျအရှုံးမရှိသည့် ကျောင်းများ"ဟု ခေါင်းစဉ်ရသည့်စာအုပ်ကို ရေးသားသော ဝီလျံဂလက်ဆာက အလားတူ အတွေးအခေါ်များကို လက်ခံကျင့်သုံးသည်။ သူ၏စာအုပ်ထဲ၌ ဒေါက်တာဂလက်ဆာက သောက၊ ဆုံးရှုံးမှု၊ စိတ်ပျက်မှု၊ ကျရှုံးမှုမှလွဲ၍ ဘာမျှမသိသော လူငယ်များအတွက် အလုပ်ဖြစ်သည့် အစီအစဉ်များအကြောင်းကို ဖော်ပြထားသည်။ သူက အတိတ် ကိုယ်ရည်ကိုယ်သွေး ပြဿနာများကို ဖော်ထုတ်မနေဘဲ အနာဂတ်အတွက် မျှော်လင့်ချက်များဖြင့်သာ ဆောင်ရွက်သည်။ အပြုသဘောနည်းလမ်းများကို လက်ခံကျင့်သုံးခြင်း၊ အကြီးအကျယ် တွန်းအားပေးခြင်းဖြင့် ရရှိလာသော သူ၏ရလဒ်များမှာ အံ့အားသင့်စရာပင် ဖြစ်သည်။

တကယ်တော့ ထိုအကြံဉာဏ်များသည် သမ္မာကျမ်းစာထဲ၌ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က ပေါလ်ပေးခဲ့သော အကြံဉာဏ်များ ဖြစ်ကြသည်။ "အတိတ်မှာ ရှိခဲ့တာတွေကို မေ့ပစ်လိုက်ပြီး ရှေ့ဆက်ဖို့ကိုသာ ငါတိုက်တွန်းတယ်"ဟု ပြောခဲ့ဖူးသည်။ ထူးခြားသည်မှာ ပေါလ်က ထိုစကားလုံးများကို ရောမအကျဉ်းထောင်ထဲ၌ သေဒဏ်ပေးထားခြင်း ခံနေရစဉ် ပြောခဲ့ခြင်းဖြစ်သည်။ ပေါလ်က သူ့ဘဝစစ်ပွဲကို အောင်မြင်အောင်တိုက်နေသည်ဟု အလေးအနက်ပြောခဲ့သည်။ ကျွန်တော်တို့၏ နည်းလမ်းမှာလည်း အလားတူပင် ဖြစ်သည်။ အောင်မြင်ခြင်းသည် အရာရာကို ရယူနိုင်မည်မဟုတ်။ သို့သော် အောင်မြင်ရန် ကြိုးစားနေခြင်းကမူ အရာရာကို ရယူနိုင်သည်။

**ရှုံးသူ၏ ခြေထောက်ကျိုး**

လူတစ်ယောက်သည် ညံ့ဖျင်းသော အတွေးမျိုးကို တွေးမိသောအခါ သူ၏စိတ်ထဲ၌ "ရှုံးသူ၏ ခြေထောက်ကျိုး" စိတ်မျိုးဝင်လာတတ်သည်။ ဘောလုံးပွဲတစ်ပွဲကို သွားကြည့်လျှင်သော်လည်းကောင်း၊ ရုပ်မြင်သံကြားမှ ကြည့်လျှင်သော်လည်းကောင်း၊ ရှုံးသူ၏ ခြေထောက်ကျိုးဆိုသည်မှာ ဘာကိုဆိုလိုသည်ဖြစ်ကြောင်း သိနိုင်သည်။ တစ်ဖက်မှဘောလုံးသမားက နောက်ခံလူကို ကျော်၍သွားသည်။ နောက်ဆုံး၌ ဂိုးဧရိယာထဲသို့ရောက်အောင် အဆင့်ဆင့်ပေးသွားကြသည်။ နောက်ခံလူများက အကြီးအကျယ် ပြေးလိုက်ကြသည်။ သို့သော် ဂိုးဧရိယာနှင့် ကိုက် ၂၀ လောက်ရောက်သည့်အခါ တစ်ဖက်မှနောက်ခံလူက ထိုလူကို မမီနိုင်တော့ကြောင်း သဘောပေါက်သွားသည်။ ပွဲကြည့်ပရိသတ်အားလုံးကလည်း သိကြသည်။ ထိုအခါ နောက်ခံလူက ခြေထောက်ကို ထော့ကျိုးထော့ကျိုးလုပ်ပြလိုက်သည်။ ခြေထောက်နာ၍ ဆက်မလိုက်နိုင်တော့ဟု ပြလိုက်သည်။ ထိုအခါ ပရိသတ်က "ဒီကောင် မမီတာ မဆန်းပါဘူးကွာ၊ သူက မသန်မစွမ်းဖြစ်နေတာကို"ဟု ပြောကြသည်။ ထိုသို့ ဖြစ်ခြင်းသည်ပင် ရှုံးသူ၏ခြေထောက်ကျိုးဟု ကျွန်တော်က ခေါ်ခြင်းဖြစ်သည်။ ခင်ဗျား၏ ခြေထောက်ကျိုးမှာ မည်သို့နည်း။

**မွေးရာပါများ**

ခင်ဗျားမှာရှိသည့် အစွမ်းအစများကို အသုံးချနိုင်ရန်အတွက် ခင်ဗျားမှာ ရှိကောင်းရှိနေမည်ဖြစ်သည့် ရှုံးသူ၏ခြေထောက်ကျိုးစိတ်ဓာတ်မျိုးကို ဖယ်ရှားပစ်ရလိမ့်မည်။ အများအားဖြင့် ရှုံးသူ၏ ခြေထောက်ကျိုးဆိုသည်မှာ "ငါက ပါရမီရှိတဲ့ အရောင်းသမားတစ်ယောက်၊ ဆရာဝန်တစ်ယောက်၊ ရှေ့နေတစ်ယောက်၊ အနုပညာရှင်တစ်ယောက်၊ ဗိသုကာတစ်ယောက်၊ အင်ဂျင်နီယာတစ်ယောက် မဟုတ်ဘူး"ဟူ၍ ဖြစ်တတ်ကြသည်။ ကျွန်တော့်အနေဖြင့် ဤအချက်ကို အလေးအနက်ထား၍ ပြောလိုသည်။ ကျွန်တော်၏ ခရီးစဉ်တစ်လျှောက်၌ သြစတြေးလျရှိ ကျေးလက်မှအစ မြောက်အမေရိကနှင့် ဥရောပမြို့ကြီးများအထိ သတင်းစာများကို စုဆောင်းခဲ့သည်။ ထိုသတင်းစာများ၌ အမျိုးသမီးများသည် ယောကျ်ားလေးများ၊ မိန်းကလေးများကိုသာ မွေးဖွားကြောင်းဖတ်ရှုရသည်။

သို့သော် အမျိုးသမီးတစ်ယောက်က အရောင်းသမားတစ်ယောက်၊ ဆရာဝန်တစ်ယောက်၊ ရှေ့နေတစ်ယောက်၊ အနုပညာရှင်တစ်ယောက်၊ ဗိသုကာတစ်ယောက်၊ အင်ဂျင်နီယာတစ်ယောက် စသည်ဖြင့် မွေးဖွားကြောင်းကိုမူ တစ်ခါမျှ မဖတ်ဖူးပါ။ သို့သော် သတင်းစာများ၌ ဆရာဝန်များ၊ ရှေ့နေများ၊ အရောင်းသမားများ၊ အင်ဂျင်နီယာများ သေဆုံးသွားကြကြောင်း ဖတ်ခဲ့ရသည်။ သူတို့အနေဖြင့် မွေးဖွားခြင်း၏ နောက်တွင် မိမိတို့ကိုယ်တိုင် ရွေးချယ်၍သော် လည်းကောင်း၊ လေ့ကျင့်ခြင်းကြောင့်သော်လည်းကောင်း၊ သူတို့ဖြစ်ချင်သည့်သူများ ဖြစ်လာခဲ့ကြသည်။ ဆရာဝန်တစ်ယောက်အဖြစ် မွေးဖွားလာသည့် သူတစ်ယောက်က ခင်ဗျား၏ ဝေဒနာကို ကုသပေးစေချင်ပါသလား။ သို့မဟုတ် ရှေ့နေတစ်ယောက်အဖြစ် မွေးဖွားလာသည့် သူတစ်ယောက်ယောက်က တရားခွင်မှာ ခင်ဗျားဘက်က ရပ်တည်ပေးစေချင်ပါသလား။

တကယ်တော့ အမျိုးသမီးတစ်ယောက်ထံမှ အောင်မြင်မှုများ၊ ဆုံးရှုံးမှုများ မွေးဖွားလာသည်ကို တစ်ခါမျှမမြင်ဖူးပါ။ သူမွေးဖွားသည်မှာ မိန်းကလေးသော်လည်းကောင်း၊ ယောကျ်ားလေးသော်လည်းကောင်းသာ ဖြစ်ကြပါသည်။ နောက်ဆုံး၌ အချို့လူများက မတ်တတ်ရပ်ပြီး "ငါဟာ ကိုယ်ထူးကိုယ်ချွန်သမား"ဟု ပြောကြသည်။ သို့သော် ယနေ့အထိ မည်သည့်အမျိုးသား၊ အမျိုးသမီးကမျှ မတ်တတ်ထရပ်ပြီး "ငါဟာ ကိုယ်ထူးကိုယ်ချွန်အရှုံးသမား"ဟု ပြောတာ တစ်ခါမျှမကြားဖူးပါ။ သူတို့ ဘာလုပ်သည်ကို ခင်ဗျားသိပါသလား။ သူတို့က လက်ညှိုးထိုးပြပြီး "ကျွန်တော် မအောင်မြင်ရ၊ မပျော်ရွှင်ရတာ ကျွန်တော့် မိဘတွေကြောင့်"ဟု ပြောကြသည်။ တချို့က "ကျွန်တော့် မိန်းမ၊ ကျွန်မယောကျ်ားက နားလည်မှုမရှိဘူး"ဟု ပြောကြသည်။ တချို့က အသားအရောင်မှအစ၊ ဘာသာရေး ယုံကြည်ချက်အလယ်၊ ပညာချို့တဲ့မှုနှင့် ခန္ဓာမသန်စွမ်းမှုတို့ကို အပြစ်တင် တတ်ကြသည်။ တချို့က အသက်ကြီးသွား၍၊ အသက်ငယ်၍၊ သိပ်ဝ၍၊ သိပ်ပိန်၍၊ အရပ်ရှည်၍၊ အရပ်ပု၍ သို့မဟုတ် သူတို့ပဋိရူပဒေသမှာ မနေရ၍ စသည်ဖြင့် ပြောတတ်ကြသည်။

အချို့လူများကဆိုလျှင် သူတို့မွေးဖွားသည့်လ မကောင်း၍၊ နက္ခတ်မကောင်း၍ဟု ပြောတတ်ကြသေးသည်။ ကိုယ်ရေးကိုယ်တာကိစ္စကိုပြောရလျှင် ကျွန်တော့်အနေဖြင့် ကြယ်တာရာများကို မယုံကြည်ဘဲ ကြယ်တာရာများကို ဖန်တီးသည့်သူများကိုသာ အပြည့်အဝယုံကြည်သည်။ ရှုံးသူ၏ ခြေထောက်ကျိုးစိတ်ဓာတ်မျိုး ထားသည့်သူများသည် စိတ်ဓာတ်ညံ့ဖျင်းသူများဟု ယုံကြည်ကြသည်။ ဘဝနှင့်ပတ်သက်၍ ခင်ဗျား၏ဝေစုသည် မည်သို့ပင်ဖြစ်ပါစေ ထိုအပေါ်၌ တစ်စုံတစ်ခုကို ခိုင်ခိုင်မာမာဖြစ်လာအောင် တည်ဆောက်နိုင်သည်။

တချို့က ပြောင်းပြန်ပြောကြသေးသည်။ သူတို့သည် လူနည်းစုအဖွဲ့ဝင်မဖြစ်၍ လည်းကောင်း၊ အမျိုးသမီးမဖြစ်၍ လည်းကောင်း အဆင့်အတန်းခွဲခံရသည်ဟု ပြောကြသည်။ အချို့လူများက လူ့အဖွဲ့အစည်းကို လက်ညှိုးထိုးပြပြီး သူတို့ မအောင်မြင်သည့်သူများဖြစ်လာ၍ လည်းကောင်း၊ သူတို့၏ ပြဿနာများအတွက်လည်းကောင်း၊ လူတိုင်းကို အပြစ်တင်တတ်ကြသည်။ တစ်ခုတော့ သတိထားရန် ခင်ဗျားကို ပြောပြလိုသည်။ ခင်ဗျားက သူတစ်ပါးအား လက်ညှိုးထိုးနေစဉ်တွင် ကျန်လက်သုံးချောင်းက ခင်ဗျားဘက်ကို ပြန်ထိုးနေသည်။ ခင်ဗျား၏အောင်မြင်မှုများ၊ ပျော်ရွှင်မှုများသည် ခင်ဗျားကြောင့်ပင် ဖြစ်သည်။ ဤစာအုပ်ကပေးသည့် သတင်းစကားများထဲ၌ ပါဝင်ပတ်သက်လာလေ၊ ခင်ဗျားကိုယ်တိုင်က ခင်ဗျား၏အနာဂတ်ကို ထိန်းချုပ်ထားနိုင်ကြောင်း သိရှိပျော်ရွှင်လေ ဖြစ်မည်။ ပထမဆုံးအကြိမ်အနေဖြင့် ခင်ဗျား၏ မြားမြောင်လှစွာသော အစွမ်းအစများကို သတိထားမိနိုင်မည်။

(ဆက်လက်ဖော်ပြပါမည်)

[ခင်မောင်ညို (ဘောဂဗေဒ)၏ "ထိပ်ဆုံးမှာတွေ့ကြမယ်" စာအုပ်မှ "ယခုအချိန်သည် အကောင်းဆုံးအချိန်" ဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း]

❒ **အဲဗာတန်အသင်းမှ**

ပိုင်ဆိုင်ခဲ့တာဖြစ်တယ်လို့လည်း နည်းပြအန်စလော့တီက ပြောကြားခဲ့ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ နည်းပြဇီဒန်းလက်ထက်မှာ ချန်ပီယံလိဂ်ဖလားကို သုံးကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပေမယ့် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီမှာတော့ ဖလားလက်မဲ့ဖြစ်ခဲ့ရတဲ့အပြင် စပိန်လာလီဂါပြိုင်ပွဲမှာလည်း မြို့ခံပြိုင်ဘက် အက်သလက်တီကို မက်ဒရစ်အသင်းရဲ့နောက်မှာ အမှတ်ပေးဇယားဒုတိယနေရာနဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။ နည်းပြဇီဒန်းဟာလည်း အခုနှစ်ဘောလုံးရာသီကုန်မှာ ရီးယဲလ်မက်ဒရစ်အသင်းနည်းပြအဖြစ်ကနေ ထွက်ခွာခဲ့တာဖြစ်ပါတယ်။

နည်းပြအန်စလော့တီဟာ အဲဗာတန်အသင်းနဲ့ လမ်းခွဲခဲ့ပြီ ဖြစ်တာကြောင့် အဲဗာတန်အသင်းအတွက်တော့ ငါးနှစ်တာကာလအတွင်းမှာ ခြောက်ဦးမြောက်နည်းပြကို ခေါ်ယူရတော့မှာဖြစ်ပြီး ငါးနှစ်တာကာလအတွင်း ရောဘတ်တိုမာတီနက်ဇ်၊ ရိုနယ်လ်ကိုးမန်း၊ ဆမ်အလာဒိုက်၊ မာကို့စ်ဆေးလ်ဗား၊ အန်စလော့တီ စတဲ့နည်းပြငါးဦးဟာ အဲဗာတန်အသင်းကနေ ထွက်ခွာခဲ့တာဖြစ်ပါတယ်။

နည်းပြအန်စလော့တီဟာ အခုနှစ်ဘောလုံးရာသီမှာ အဲဗာတန်အသင်းကို ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ အဆင့် ၁၀ နေရာမှာ ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

✪ **ယခုနှစ်မှ**

ယခုနှစ်တွင်လည်း ပြိုင်ပွဲအနည်းငယ်သာ ကျင်းပနိုင်သေးသည်။ လက်ရှိတွင် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲအုပ်စုလက်ကျန်ပွဲများ ကျင်းပလျက်ရှိပြီး ကလပ်ပြိုင်ပွဲဖြစ်သော အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်အချို့ကိုလည်း ကျင်းပလျက်ရှိသည်။ အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲတို့ကို ကျင်းပလျက်ရှိသော်လည်း ကပ်ရောဂါကြောင့် အုပ်စုအားလုံး ကျင်းပနိုင်ခြင်းမရှိသေးဘဲ အုပ်စုပွဲစဉ်အချို့သာ ကျင်းပနိုင်သေးခြင်းဖြစ်သည်။

မြန်မာအသင်းများသည် နှစ်ဝက်နောက်ပိုင်းကျင်းပမည့် ပြိုင်ပွဲနှင့် ခြေစစ်ပွဲအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပသည့်အပေါ်မူတည်၍ လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။

**ကိုညီလေး**

## ၂။ ဆေးလိပ်၊ ကွမ်းယာရှောင်ကြဉ်ပါ

ဆေးလိပ်၊ ကွမ်းယာတွင် ပါဝင်သော ဆေးရွက်ကြီးသည် ကိုယ်ဝန်ဆောင်မိခင်များတွင် အောက်ပါအခြေအနေများကို ဖြစ်ပွားစေနိုင်ပါသည်။

- ကိုယ်ဝန်ပျက်ခြင်း
- ကလေးအသေမွေးခြင်း၊ လမစေ့ ပေါင်မပြည့်သော ကလေးမွေးဖွားခြင်း
- မွေးရာပါ ကိုယ်လက်အင်္ဂါချို့ယွင်းသည့် ကလေးမွေးဖွားခြင်း
- မွေးစကလေးရုတ်တရက်သေဆုံးခြင်းများ

သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းသည် ကိုယ်တိုင်ဆေးလိပ်သောက်ခြင်းကဲ့သို့ပင် ရောဂါဖြစ်ပွားစေသဖြင့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် သတိပြုဆင်ခြင်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော　　၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်　　၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆**

ကြေးမုံ ယနေ့ ဖတ်စရာ

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းသားဦးရေ ၂၅၆၈၁၈ ဦး တက်ရောက်ပညာသင်ကြား
စာမျက်နှာ » ၈

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ သတင်းထုတ်ပြန်ချက်
စာမျက်နှာ » ၁၅

ယဉ်ကျေးလိမ္မာသင်တန်းများ ဒေသစုံဖွင့်လှစ်ပေးခြင်းဖြင့် လူမှုအသိုက်အဝန်းကောင်းများ ဖော်ဆောင်ကြပါစို့
စာမျက်နှာ » ၁၇

ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ဂျပန်နိုင်ငံ)
စာမျက်နှာ » ၂၀



# ဘိုကလေးမြို့နယ်အခြေစိုက် ရေဝတီဒေါက်တာ နယ်လှည့်ရေပေါ်ဆေးခန်းတွင် အခမဲ့ ဆေးဝါးကုသပေးမည်

ဘိုကလေး ဇွန် ၂

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဖျာပုံ-ဘိုကလေးကားလမ်း နတ်ချောင်းတံတားအနီး ဖွင့်လှစ်ထားရှိသည့် ဘိုကလေးမြို့နယ်အခြေစိုက် ရေဝတီဒေါက်တာ နယ်လှည့်ရေပေါ်ဆေးခန်းတွင် မြို့နယ်အတွင်းမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူလိုသည့် မိဘပြည်သူများအား ဇွန် ၁ ရက်မှ ဇွန် ၁၀ ရက်အထိ ၁၀ ရက်ကြာ အခမဲ့ ဆေးကုသဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၄ သို့ ☆

# အဲဗာတန်အသင်းနဲ့ လမ်းခွဲပြီး ရီးယဲလ်မက်ဒရစ်နဲ့ ဒုတိယအကြိမ် ပြန်လည်လက်တွဲခဲ့တဲ့ အန်စလော့တီ



နည်းပြ အန်စလော့တီဟာ ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းနဲ့ လမ်းခွဲခဲ့ပြီးနောက် စပိန်လာလီဂါကလပ်ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ဒုတိယအကြိမ် ပြန်လည်လက်တွဲခဲ့တယ်လို့ သိရပါတယ်။

**တာဝန်ယူကိုင်တွယ်ခဲ့**

၂၀၁၃ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အထိ ရီးယဲလ်မက်ဒရစ်အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့တဲ့ အသက် ၆၁ နှစ်အရွယ်ရှိ နည်းပြအန်စလော့တီဟာ အဲဗာတန်အသင်း နည်းပြအဖြစ် ၁၈ လကြာ တာဝန်ယူခဲ့ပြီး အဲဗာတန်အသင်းနဲ့ လမ်းခွဲခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ နည်းပြအန်စလော့တီဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဟာ မျှော်လင့်မထားတဲ့ အခွင့်အလမ်းတစ်ရပ်ကို

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❒



# အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲ ဩဂုတ် ၁၀ ရက်တွင် ပြုလုပ်မည်

ရန်ကုန် ဇွန် ၂

အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဩဂုတ် ၁၀ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၄ သို့ ◆

# ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ထားသည့် အာရှအဆင့်ပြိုင်ပွဲများနှင့်ပတ်သက်၍ ပြန်လည်အတည်ပြုမည်

ရန်ကုန် ဇွန် ၂

အာရှဘောလုံးအဖွဲ့ချုပ်သည် ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း ကျင်းပရန်စီစဉ်ထားသည့် အာရှအဆင့်ပြိုင်ပွဲများနှင့်ပတ်သက်၍ ပြန်လည်အတည်ပြုမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် နှစ်ဝက်နောက်ပိုင်းတွင် ကျင်းပရန် စီစဉ်ထားသည့် ပြိုင်ပွဲများ၊ ခြေစစ်ပွဲများကို ကိုဗစ်-၁၉ ကပ်ရောဂါအပေါ်မူတည်၍ ကျင်းပနိုင်ခြင်းရှိ၊ မရှိ ဆုံးဖြတ်သွားမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင်အမျိုးသားအသင်းများ ယှဉ်ပြိုင်ရမည့် ၂၀၂၂ ကမ္ဘာ့ဖလား (အာရှဇုန်) တတိယအဆင့်ခြေစစ်ပွဲ၊ ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲနှင့် Play-off ပွဲစဉ်များ၊ လက်ရွေးစင်အမျိုးသမီးအသင်း ယှဉ်ပြိုင်ရမည့် အာရှဖလားအမျိုးသမီးခြေစစ်ပွဲများအပါအဝင် အာရှဖလား ယူ-၂၃ အမျိုးသားခြေစစ်ပွဲ၊ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ၊ အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ၊ အာရှ အမျိုးသမီးကလပ်ချန်ပီယံရှစ်ပြိုင်ပွဲတို့ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့် ပြိုင်ပွဲများမှာ ပြီးခဲ့သည့်နှစ်ကတည်းက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖျက်သိမ်း/ရွှေ့ဆိုင်းခြင်းများ ပြုလုပ်ခဲ့ရပြီး

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ✪